# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကိလေသာမာရ် ကိုယ်တွင်းရန်**

ရေတည်းဟူသော မီးရာတည်ရာမှ ထုတ်ဆောင်၍ ကုန်း၌ ပစ်ချထားအပ်သော ငါးသည် တဖျပ်ဖျပ်တုန်လှုပ်သကဲ့သို့ ကိလေသာမာရ် ကိုယ်တွင်းရန်ကို ပယ်ရန် ကာမနယ်ပယ်မှ ထုတ်ဆောင်၍ ထားအပ်သော ဤစိတ်သည် တဖျပ်ဖျပ် တုန်လှုပ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၄)


၁၃၈၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက် | ၂၀၂၄ ခုနှစ်၊ မတ် ၁ ရက်၊ သောကြာနေ့ | အတွဲ (၆၃)၊ အမှတ်(၁၅၃)


## ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီမှ အသိပေးကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီမှ အသိပေးကြေညာချက်

၁၃၈၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်

(၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၉ ရက်)

ကိုဗစ်-၁၉ ရောဂါပိုးကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၉ ရက်နေ့အထိ ထုတ်ပြန်ထားသော ပြည်သူသို့ ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ (ဖြေလျှော့ပေးမည့်ကိစ္စရပ်များမပါ) အား ၂၀၂၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ ရက်တိုးမြှင့်သတ်မှတ်ဆောင်ရွက်ထားပါကြောင်း အသိပေးကြေညာအပ်ပါသည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# အားအသင့်အတင့်ရှိသော အယ်လ်နီညိုအခြေအနေတွင် ငါးမွေးမြူရေးတောင်သူများ အရန်ကန်စီစဉ်ထားရှိပြီး ရေလှယ်သောစနစ်ကို အထူးဂရုပြုဆောင်ရွက်ရန် တိုက်တွန်းထား

ရန်ကုန် ဖေဖော်ဝါရီ ၂၉

နိုင်ငံတကာမိုးလေဝသဌာနများ၏ သင်္ချာပုံစံပြုမော်ဒယ်များ ခန့်မှန်းချက်အရ ၂၀၂၄ ခုနှစ် မတ်လအတွင်း အားအသင့်အတင့်ရှိသော အယ်လ်နီညိုအခြေအနေတွင် ဆက်လက်တည်ရှိနိုင်သည်ဟု ခန့်မှန်းထားမှုကို မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အသိပေးထားရာ မြန်မာနိုင်ငံအတွင်းရှိ ငါး၊ ပုစွန် မွေးမြူရေးတောင်သူများအနေဖြင့် မိမိတို့ငါးမွေးကန်များတွင် အရန်ကန်များထားရှိ၍ ရေသိုလှောင်ထားရှိကာ ရေလှယ်သောစနစ်ကို အထူးဂရုပြုဆောင်ရွက်သွားရန် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်က တိုက်တွန်းထားသည်။

အယ်လ်နီညိုဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်လေ့ရှိသည့်ဖြစ်စဉ်ဖြစ်သော်လည်း အကျိုးသက်ရောက်မှုကို လွန်ခဲ့သောလေးနှစ်ကျော်က မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများ ကြုံတွေ့ခဲ့ရပြီး မိုးရွာသွန်းမှုမမှန်ခြင်း၊ နေ့အပူချိန်မြင့်မားခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှုများ မမှန်ခြင်း၊ မိုးခေါင်ရေရှားခြင်း စသည့်အစွန်းရောက် မိုးလေဝသဖြစ်စဉ်များကို

*စာမျက်နှာ ၃ ကော်လံ ၁* ❖



ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ငါးမွေးမြူရေးကန်တစ်ကန်ကို တွေ့ရစဉ်။


ယနေ့ *ဖတ်စရာ*



**လျှပ်စစ်သုံးမော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ဆိုင်ကယ် အပိုပစ္စည်းများ တင်သွင်းရောက်ရှိ** — ပြည်တွင်းသတင်း — စာ ၄

**သားသမီးမကောင်း မိဘခေါင်းနှင့် အကျိုးစီးပွားအခြေခံ အဂတိကပ်ဆိုက်မှု** ကမ္ဘာ့ဖြစ်ရပ်မှန်မြင်ကွင်းကြားမှ ရယူအပ်ရာသင်ခန်းစာများ — ဆောင်းပါး — စာ ၆

**သောကအပူငြိမ်းလို့ရယ် စစ်မှုထမ်းကြမယ် ...** — ဆောင်းပါး — စာ ၁၀

## မိမိအကျိုး၊ အများပြည်သူအကျိုးအတွက် တရားဝင်ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်

ကောလာဟလအမျိုးမျိုး နေ့စဉ်မပြတ်ထွက်ပေါ်နေသည့် မိမိတို့နိုင်ငံတွင် နောက်ဆုံးထွက်ပေါ်လာသည့် ကောလာဟလမှာ ရွှေဈေးနှုန်းနှင့်ပတ်သက်၍ ထွက်ပေါ်လာခြင်းဖြစ်သည်။ တရားဝင်ရွှေလုပ်ငန်းကို လုပ်ကိုင်နေသည့် ရွှေလောကသားများမဟုတ်ဘဲ ပြင်ပမှ ဝိသမလောဘသမားက ကောလာဟလလွှင့်ထုတ်၍ ဈေးကစားကာ အမြတ်ရှာဖွေရန် ကြိုးပမ်းကြခြင်းသာဖြစ်ကြောင်းနှင့် ရွှေဈေး၊ ဒေါ်လာဈေး စသည်တို့ကို ကောလာဟလလွှင့်၍ ဈေးဆွဲတင်သည့်အလုပ်ကို နှစ်စဉ်လုပ်လေ့ရှိကြကြောင်း သိရသည်။ ရိုးသားစွာဖြင့် လုပ်ငန်းထူထောင်ဆောင်ရွက်ခြင်းမရှိဘဲ တရားမဝင်ဖြတ်လမ်းနည်းဖြင့် ငွေရှာမှုများက ပုံမှန်စီးပွားရေးကို ထိခိုက်စေမည်ဖြစ်သည်။

မိမိတို့နိုင်ငံ၏ စီးပွားရေးကဏ္ဍတွင် ကုန်ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုကို နှိုင်းယှဉ်ပါက ကုန်သွယ်မှုလုပ်ငန်းကို လုပ်ကိုင်သူကပိုများသည်။ ကုန်ထုတ်လုပ်မှုလုပ်ငန်း ထူထောင်လုပ်ကိုင်ခြင်းထက် ကုန်ဝယ်ကုန်ရောင်းလုပ်ကိုင်ခြင်းက အလုပ်လုပ်ကိုင်ရသက်သာပြီး အကျိုးအမြတ်မြန်ဆန်စွာရရှိသည်။ စွန့်စားရမှုနည်းပါးသည်ဟူ၍ ယူဆကြခြင်းကြောင့်လည်းဖြစ်သည်။ ဝိသမစီးပွားရေးသမားများမှာမူ တရားဝင်ကုန်သွယ်လုပ်ငန်းမျိုးပင်မဟုတ်ဘဲ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် ဆန်သိုလှောင်ခြင်း၊ ဆီသိုလှောင်ခြင်း၊ စက်သုံးဆီသိုလှောင်ခြင်း၊ ရွှေဝယ်ခြင်း၊ ဒေါ်လာဝယ်ခြင်း စသည်ဖြင့် ငါးပွက်ရာ ငါးစာချကြပြီး အခြေအနေတစ်ရပ်ရောက်သောအခါတွင် ကောလာဟလအမျိုးမျိုးလွှင့်၍ ဈေးကွက်ကို လှုပ်ကြခြင်းဖြစ်သည်။ ဤသို့သောလုပ်ရပ်များက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် လုံးဝအထောက်အကူမဖြစ်စေသည့်အပြင် တရားဝင်စီးပွားရေးလုပ်ကိုင်နေသည့် လုပ်ငန်းများကိုပါထိခိုက်နစ်နာစေသည်ဖြစ်ရာ ထိရောက်စွာဖော်ထုတ်အရေးယူသွားရန်လိုအပ်သည်။

လက်ထဲတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်နိုင်ရန် လုံလောက်သောငွေကြေးပမာဏရှိနေသူများအဖို့ အထက်ပါကဲ့သို့ မှောင်ခိုဆန်ဆန်ဂုဏ်သိက္ခာကင်းမဲ့စွာ စီးပွားရှာဖွေမှုမပြုဘဲ မိမိအကျိုး၊ အများအကျိုးအတွက် ကုန်ထုတ်လုပ်ငန်း၊ ကုန်သွယ်လုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း စသည်ဖြင့် မိမိအားသန်ရာ၊ စိတ်ပါဝင်စားရာ ပုံမှန်စီးပွားရေးလုပ်ငန်းများကို ထူထောင်လုပ်ကိုင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ ရင်းနှီးမြှုပ်နှံလုပ်ကိုင်ဆောင်ရွက်လိုသူများအတွက် လွယ်ကူလျင်မြန်၊ ယုံကြည်စိတ်ချရသော ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်ကောင်းများရှိနေပြီဖြစ်ပြီး အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်များ၊ အခွင့်အရေးများ၊ အာမခံချက်များလည်း ရှိနေသည်။ ရင်းနှီးမြှုပ်နှံလိုသူ၊ အကြံဉာဏ်ရယူလိုသူ၊ စုံစမ်းမေးမြန်းလိုသူများ လူကိုယ်တိုင်သွားရန်မလိုဘဲ အွန်လိုင်းမှတစ်ဆင့် တွေ့ဆုံဆွေးနွေးနိုင်သည့် ဝန်ဆောင်မှုစနစ်လည်းရှိနေသည်။ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ရင်းနှီးမြှုပ်နှံမှုကော်မတီများကလည်း အမေရိကန်ဒေါ်လာ ငါးသန်းအောက်လုပ်ငန်းများကို ခွင့်ပြုပေးနိုင်ပြီး အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ထူထောင်လုပ်ကိုင်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဒေသတိုင်းက ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိရာ ရင်းနှီးမြှုပ်နှံလုပ်ကိုင်လိုသူများအတွက် လွယ်ကူစွာဆောင်ရွက်နိုင်သည့်အခြေအနေမျိုး ဆောင်ရွက်ပေးထားခြင်းပင်ဖြစ်သည်။

မြန်မာနိုင်ငံ၏ စီးပွားရေးတွင် ကုန်ထုတ်လုပ်မှုကဏ္ဍ၌ တိုးမြှင့်လုပ်ကိုင်ရန် လိုအပ်လျက်ရှိသည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် ထွက်ကုန်များကို တန်ဖိုးမြှင့်ထုတ်လုပ်ရန် စက်မှုလုပ်ငန်းများ အားနည်းနေခြင်းကြောင့် ကုန်ကြမ်းအတိုင်း ရောင်းချနေရသည်။ ထိုအခြေအနေကို ကျော်လွှားနိုင်ရန် ကုန်ထုတ်လုပ်ငန်းများ တိုးတက်စေရေး နိုင်ငံတော်က အားပေးဆောင်ရွက်လျက်ရှိသည်။ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အားပေးဆောင်ရွက်ခြင်း၊ နိုင်ငံ့စီးပွားရန်ပုံငွေများထုတ်ပေးပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးတို့ကို ဆောင်ရွက်လျက်ရှိရာ မိမိအကျိုး၊ အများပြည်သူအကျိုးနှင့် နိုင်ငံ့အကျိုးဖြစ်ထွန်းစေမည့် ရင်းနှီးမြှုပ်နှံမှုများ တည်ထောင်ဆောင်ရွက်အောင်မြင်နိုင်ကြပါစေကြောင်း။ ။

# (၇၉) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး(၃)ပါးကို တပ်မတော်၏အမျိုးသားရေးမူဝါဒအဖြစ် အမြဲဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးကာကွယ်စောင့်ရှောက်ရေး။

( ခ ) နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်(၂)ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးလုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူလူထုတို့နှင့်အတူ တပ်မတော်သားများအနေဖြင့် ကျရာအခန်းကဏ္ဍများမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

( ဂ ) အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာ ဆိုသည့် တပ်မတော်၏ လုပ်ငန်းစဉ်များနှင့်အညီ စွမ်းရည်(၃)ရပ် တိုးတက်မြင့်မားအောင် အစဉ်တစိုက် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေးအတွက် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ယခင်ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန၊ ဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဦးထက်အောင် ကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

## မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဖေဖော်ဝါရီ ၂၉

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးအနည်းငယ် ထစ်ချုန်းရွာမည်။။

မိုး/ဇလ

## (၇၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကမ္ဘာအေးဘုရားလမ်း အုတ်ပုံဆိပ်လမ်းမှ ကုက္ကိုင်းခုံးကျော်တံတားအထိ ကတ္တရာကွန်ကရစ်လမ်းဖွင့်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၉

(၇၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကမ္ဘာအေးဘုရားလမ်း အုတ်ပုံဆိပ်လမ်းမှ ကုက္ကိုင်းခုံးကျော်တံတားအထိ ကတ္တရာကွန်ကရစ်လမ်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါလမ်း၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကမ္ဘာအေးဘုရားလမ်း အုတ်ပုံဆိပ်လမ်းမှ ကုက္ကိုင်းခုံးကျော်တံတားအထိ ကတ္တရာကွန်ကရစ်လမ်းဖွင့်ပွဲ အခမ်းအနားကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ကော်မတီဝင် (၆) ဦးအောင်နိုင်နှင့် ဌာနမှူးများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (ယာပုံ)

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် လမ်းကို ဖြတ်သန်းကြည့်ရှုကာ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)၏ လုပ်ငန်းတာဝန်များတွင် ပါဝင်သော မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ လမ်းများ တည်ဆောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊ အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို ဘဏ္ဍာနှစ်များအလိုက် လျာထားတင်ပြပြီး ဆောင်ရွက်လျက်ရှိရာ လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများအနက်မှ ရန်ကုန်မြို့တော်၏ အဓိကလမ်းမကြီးများတွင် ပါဝင်သော ကမ္ဘာအေးဘုရားလမ်းကို ရှစ်မိုင်လမ်းဆုံမှ အုတ်ပုံဆိပ်လမ်းဆုံးအထိ ပေ ၄၃၀၀ နှင့် အုတ်ပုံဆိပ်လမ်းဆုံမှ ကုက္ကိုင်းခုံးကျော်တံတားအထိ ပေ၁၆၄၇၀ စုစုပေါင်း လမ်းအရှည်ပေ ၂၀၇၇၀ ၃ ဒသမ ၉၃ မိုင်ကို ၂၀၂၃ – ၂၀၂၄ ဘဏ္ဍာနှစ်တွင် ကတ္တရာကွန်ကရစ်ထပ်ပိုးလွှာခင်း၍ လမ်းအဆင့်မြှင့်တင်ဆောင်ရွက်ပြီး ယနေ့တွင် (၇၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်သူများ အသုံးပြုနိုင်ရေး ဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရသည်။

ဆန်းကျော်ဦး(ပြန်/ဆက်)



■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# ဒုတိယမြို့နယ်တရားသူကြီးများ လုပ်ငန်းဝင်သင်တန်း အမှတ်စဉ် (၃၂) သင်တန်းဆင်းပွဲနှင့် တရားသူကြီး တာဝန်ပေးအပ်လွှာများ အပ်နှင်းခြင်း၊ ကျမ်းသစ္စာပြုခြင်း အခမ်းအနားကျင်းပ



ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး ဒုတိယမြို့နယ်တရားသူကြီးများ လုပ်ငန်းဝင်သင်တန်းအမှတ်စဉ် (၃၂) သင်တန်းဆင်းပွဲနှင့် တရားသူကြီး တာဝန်ပေးအပ်လွှာများ အပ်နှင်းခြင်း၊ ကျမ်းသစ္စာပြုခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၉**

ဒုတိယမြို့နယ်တရားသူကြီးများ လုပ်ငန်းဝင်သင်တန်းအမှတ်စဉ် (၃၂) သင်တန်းဆင်းပွဲနှင့် တရားသူကြီး တာဝန်ပေးအပ်လွှာများ အပ်နှင်းခြင်း၊ ကျမ်းသစ္စာပြုခြင်းအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားရေးကောလိပ်၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး တက်ရောက်အမှာစကား ပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ လက်ထောက်အတွင်းဝန်နှင့် ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ ထူးချွန်ဆုရရှိသူများနှင့် သင်တန်းဆင်း ဒုတိယမြို့နယ်တရားသူကြီးများ တက်ရောက်ကြသည်။

**ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်**

ထို့နောက် ဒုတိယမြို့နယ်တရားသူကြီးများ လုပ်ငန်းဝင်သင်တန်း အမှတ်စဉ် (၃၂)တွင် ကင်းဝန်အသင်းဆုရရှိသူ သင်တန်းသူ ဒေါ်ဇေဇေဝါ လေးအား ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးခင်မောင်ကြီးကလည်းကောင်း၊ ယောအသင်းဆုရရှိသူ သင်တန်းသူ ဒေါ်ခင်မျိုးချစ်အား ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးကြည်သိန်းကလည်းကောင်း၊ ဦးမေအောင်အသင်းဆုရရှိသူ သင်တန်းသား ဦးရဲထက်အား ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမျိုးမောင်ကလည်းကောင်း၊ ဒေါက်တာဘဦးအသင်း ဆုရရှိသူ သင်တန်းသူ ဒေါ်သက်ထားအောင်အား ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမျိုးတင့်ကလည်းကောင်း၊ ဒုတိယမြို့နယ်တရားသူကြီးများ လုပ်ငန်းဝင်သင်တန်းအမှတ်စဉ် (၃၂)တွင် စံပြဆုရရှိသူ သင်တန်းသူ ဒေါ်ဂျူးဂျူးစံအား ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးကလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

**တာဝန်ပေးအပ်လွှာများအပ်နှင်း**

ယင်းနောက် ပြည်ထောင်စုတရားသူကြီးချုပ်က အသစ်ခန့်ထားသည့် ဒုတိယမြို့နယ်တရားသူကြီးများကို သက်ဆိုင်ရာမြို့နယ်တရားရုံးများတွင် တာဝန်ထမ်းဆောင်ရန် တာဝန်ပေးအပ်လွှာများ အပ်နှင်းရာ သင်တန်းသား၊ သင်တန်းသူများကိုယ်စား ဒုတိယမြို့နယ်တရားသူကြီး ဦးမျိုးသီဟဇော်က လက်ခံရယူပြီး ဒုတိယမြို့နယ်တရားသူကြီးများ အဖြစ် စတင်တာဝန်ထမ်းဆောင်မည့် တရားရေးအရာရှိ ၈၀ တို့က ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ ရှေ့မှောက်တွင် ကျမ်းသစ္စာပြုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင် Website မိတ်ဆက်ပွဲအခမ်းအနားကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၂၉**

မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင် Website မိတ်ဆက်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။ **(ယာပုံ)**

အခမ်းအနားသို့ မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင်ဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင်အဖွဲ့ဝင်များ၊ ဌာန၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက စီးပွားရေး လုပ်ငန်းများအကြား မျှတသည့် ယှဉ်ပြိုင်မှုဖြစ်စေရေး၊ ဈေးကွက်ထိန်းချုပ်ခြင်းများ မရှိစေရေး၊ အများပြည်သူတို့၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေခြင်းမှ တားဆီးကာကွယ်နိုင်ရေး၊ ဈေးကွက်အတွင်း ကောင်းမွန်သည့်ယှဉ်ပြိုင်မှုများကို အားပေးပြီး စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူအားလုံး တစ်ပြေးညီတိုးတက်လာစေရေးနှင့် သာတူညီမျှ ခံစားခွင့်ရရှိစေရေးအတွက် ယှဉ်ပြိုင်မှု ဥပဒေကို ပြဋ္ဌာန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ယှဉ်ပြိုင်မှု ဥပဒေပြဋ္ဌာန်းထားပြီး ကျင့်သုံး အကောင်အထည်ဖော်ဆောင်ရွက်ခြင်းများအပေါ် ကဏ္ဍအလိုက် ဦးစားပေးအစီအစဉ်များဖြင့် အသိပညာပေးဆွေးနွေးမှု အစီအစဉ်များ စဉ်ဆက်မပြတ် ဆောင်ရွက်လျက် ရှိကြောင်း၊ အသိပညာပေး အစီအစဉ်များတွင် Website များမှတစ်ဆင့် အသိပညာပေးခြင်းလည်း ပါဝင်သည့်အတွက် ယှဉ်ပြိုင်မှုဆိုင်ရာ သတင်းအချက်အလက် များကို အချိန်နှင့်တစ်ပြေးညီ လွှင့်တင်ရယူနိုင်ရေး၊ ယှဉ်ပြိုင်မှုဆိုင်ရာ တိုင်ကြားမှုများကို လက်ခံရယူနိုင်သည့် ပလက်ဖောင်းတစ်ခုအဖြစ် ဖန်တီးနိုင်ရေး၊ အာဆီယံဒေသတွင်းနှင့် မိတ်ဖက်နိုင်ငံ၊ အဖွဲ့အစည်းများ၏ ယှဉ်ပြိုင်မှုဆိုင်ရာ Website များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေး တို့အတွက် ရည်ရွယ်ပြီး ယခုကဲ့သို့ မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင် Website ကို ရေးဆွဲအကောင်အထည်ဖော်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

**သတင်းစဉ်**

❖ *ရှေ့ဖုံးမှ*

ဖြစ်ပေါ်လေ့ရှိရာ မွေးမြူရေးကဏ္ဍကို ထိခိုက်မှုမရရှိစေရန် ငါးလုပ်ငန်းဦးစီးဌာန၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနတို့မှ ကြိုတင်အသိပေးလျက်ရှိသည်။

မြန်မာ့ရေချိုထွက်ကုန် ဘဏ္ဍာတိုက်များဖြစ်သည့် ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ငါး၊ ပုစွန်ကန်များမှ ရေထွက်ကုန်များကို ပြည်တွင်းစားသုံးမှုနှင့် ပြည်ပပို့ကုန်အဖြစ် မွေးမြူထုတ်လုပ်လျက်ရှိရာ နွေရာသီတွင် ငါးကန်အများစုသည် ကန်ဖော်၍ ရေထွက်ကုန်များကို ထုတ်ယူရောင်းချလေ့ရှိကြောင်း သိရသည်။

ရေချိုမွေးမြူရေးကဏ္ဍတွင် ငါးမြစ်ချင်းကို အများဆုံးမွေးမြူလျက်ရှိပြီး တစ်ဧကလျှင် သားပေါက်ကောင်ရေ ၇၀၀ မှ ၁၀၀၀ အထိ ကန်ကျယ်စနစ်ဖြင့် မွေးမြူလျက်ရှိသည်။ မြန်မာနိုင်ငံတွင် ရေချိုငါး၊ ပုစွန်၊ ကဏန်း ဧက ၄၆၀၀၀၀ ကျော် မွေးမြူထားရာတွင် ငါးကို အများဆုံးမွေးမြူလျက်ရှိပြီး ကဏန်းကို ဧက ၂၀၀၀ ကျော် မွေးမြူထားသည်။

"ဒီနှစ်နွေရာသီမှာ အယ်လ်နီညိုဖြစ်စဉ်ကလည်း ရှိနေတော့ ငါးမွေးတောင်သူတွေ ပိုပြီးဂရုစိုက်နေကြပါတယ်။ နေပြင်းရင် ကန်ထဲကိုရေမောင်းသွင်းတာ၊ ရေလှယ်တာကာအစ လုပ်ဆောင်ဖို့လိုပါတယ်။ တိုင်းဒေသကြီးသုံးခုက ငါးမွေးတောင်သူတွေဟာ အတွေ့အကြုံလည်းရှိနေကြပါပြီ။ ဖြစ်သွားရင် ဆုံးရှုံးမှုတန်ဖိုးကြီးမားတယ်ဆိုတာ သူတို့သိနေကြပါတယ်။ အပူရှိန်ပြင်းလာရင် ရောဂါဖြစ်ပွားတတ်တဲ့သဘောလည်းရှိတာကြောင့် ကန်ရေကို အထူးသတိပြုစောင့်ကြည့်ဖို့ တိုက်တွန်းလိုပါတယ်။ ပြီးတော့ မြန်မာနိုင်ငံမှာ ကန်အကျယ်မွေးတဲ့စနစ်ကိုအသုံးပြုတာကြောင့် အရန်ကန်ထားရှိပြီး ရေသိုလှောင်ထားပြီးတော့ ရေလှယ်တဲ့စနစ်ကို ကြပ်မတ်ဆောင်ရွက်သွားမယ်ဆိုရင် ဒီနွေရာသီမှာ မွေးမြူရေး တောင်သူတွေအားလုံး အဆင်ပြေပြေနဲ့ ကျော်ဖြတ်သွားနိုင်မှာပါ။ နွေရာသီမှာ ရာသီဥတုဘယ်လောက်ပြင်းထန်ပြီး မွေးမြူရေးတောင်သူတွေထံက ဘာအသံကြားရမလဲဆိုတာလည်း အမြဲနားစွင့်နေပါတယ်" ဟု မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ အကြီးတန်းဒုတိယဥက္ကဋ္ဌ ဒေါက်တာတိုးနန္ဒာတင်က ပြောသည်။

ယခုနွေရာသီတွင် ငါးမွေးကန်များထိခိုက်မှုမရှိစေရန် ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှုအခြေအနေများကို နေ့စဉ်နံနက် ၆ နာရီတွင် ပုံမှန်စစ်ဆေးရန်၊ မွေးမြူရေးကန်တွင် ရေအသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်း၊ ရေသန့်သိုလှောင်သည့် အရန်ကန်များစီစဉ်ထားရှိပြီး ရေရနိုင်သမျှသိုလှောင်ထားရန်၊ ကန်ရေအပူချိန်မြင့်မားချိန်တွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကစော်ဖတ်ကျွေးခြင်းကို ရှောင်ကြဉ်ကာ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးရန်၊ ရေသစ်သွင်းရန်အခက်အခဲရှိသော ကန်များအနေဖြင့် ငါးအရေအတွက် လျှော့ချမွေးမြူရန်၊ အပူချိန်ပြင်းသည့်အချိန်တွင် ငါးများကန်ပြောင်းရွှေ့ခြင်း မပြုလုပ်ရန်၊ နံနက်ပိုင်းမိုးအုံ့သောရက်၊ နှင်းကျသောရက်များတွင် ငါးများခေါင်းထောင်လျက် ကူးခတ်ခြင်း၊ ကမ်းစပ်သို့ စုပြုံလာခြင်းကြုံရပါက ကန်အတွင်း အောက်ဆီဂျင်လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်း ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များ မောင်းပေးခြင်းနှင့် ကန်အတွင်း လေလှော်ပေးခြင်း နည်းလမ်းများဖြင့် ရေတွင် ပျော်ဝင်အောက်ဆီဂျင်မြင့်တက်လာစေရေး ဆောင်ရွက်ပေးရန်၊ ငါးအစာလွန်ကဲစွာကျွေးခြင်းကြောင့် စားကြွင်းစားကျန်များမှတစ်ဆင့် ရေထုညစ်ညမ်းပြီး ငါးရောဂါကျရောက်တတ်သဖြင့် ဩဇာဓာတ်ထည့်သွင်းခြင်းနှင့် ငါးအစာအလွန်အကျွံကျွေးခြင်းကို လျှော့ချပေးရန် စသည့် နည်းလမ်းများဖြင့် ငါးမွေးမြူရေးကန်များ ရာသီဥတုပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်နိုင်ရန် ငါးမွေးတောင်သူများကို တိုက်တွန်းထားကြောင်း သိရသည်။

**ညိမ်းသူ( သတင်းစဉ် )၊ဓာတ်ပုံ-ကနူး**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း နေပြည်တော်(တပ်ကုန်း)မြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် လုပ်ငန်းဆောင်ရွက်မှုများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၉

**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်(တပ်ကုန်းမြို့)ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ MRTV ၏ရုပ်သံလိုင်း (Channel) များအလိုက် သတင်းဖတ်ကြားရန် ရွေးချယ်လေ့ကျင့်နေသည့် ဝန်ထမ်းသစ်များအား Screen Test ဆောင်ရွက်မှုနှင့် MRTV ၏ ဘဏ္ဍာရေးနှစ်အလိုက် ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဆောင်ရွက်နေသော လုပ်ငန်းကြီးများ ဆောင်ရွက်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။**

**အကြံပြုဆွေးနွေးမှာကြား**

ရှေးဦးစွာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရှိ Conference Room တွင် MRTV ၏ ရုပ်သံလိုင်း Channel များအလိုက် သတင်းဖတ်ကြားရန် ရွေးချယ်လေ့ကျင့်နေသည့် ဝန်ထမ်းသစ်ခုနစ်ဦးနှင့် အင်္ဂလိပ်ဘာသာဖြင့်သတင်းဖတ်ကြားရန် ရွေးချယ်လေ့ကျင့်နေသည့် ဝန်ထမ်းသစ်ခုနစ်ဦးတို့အား Screen Test စစ်ဆေးဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးအားပေးပြီး တစ်ဦးချင်းအလိုက် လိုအပ်ချက်များအပေါ် အကြံပြုဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ ပကတိအခြေအနေမှန်ကို ချပြရှင်းလင်းပြီး နိုင်ငံတော်မီဒီယာက မီဒီယာနည်းလမ်းများဖြင့် ကြိုးပမ်းဆောင်ရွက်ရမည့် နိုင်ငံတော်ကာကွယ်ရေး တာဝန်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ပြည်သူများ အသိပညာမြှင့်တင်ရေးနှင့် စိတ်ဓာတ်စည်းကမ်းကောင်းမွန်စေရေး၊ ပြည်သူများ ပျော်ရွှင်အပန်းပြေစေရေးနှင့် လုံခြုံရေးဆိုင်ရာများကို အသေးစိတ်မှာကြားသည်။

ထို့နောက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဆောင်ရွက်နေသော လုပ်ငန်းကြီးလေးခုနှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းကြီးတစ်ခုတို့၏ ဆောင်ရွက်မှုအခြေအနေများကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက သိရှိလိုသည်များ မေးမြန်းစိစစ်ပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် News Studio(1) တွင် SD စနစ်မှ HD စနစ်သို့ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအား ငွေကျပ်သန်း ၁၅၇၀ ဖြင့် တင်ဒါအောင်မြင်ပြီး လုပ်ငန်းဆောင်ရွက်နေသော TMW Enterprise ကုမ္ပဏီ၏ ရိုက်ကူးရေးစနစ်၊ မီးနှင့် အသံစနစ်၊ ထုတ်လုပ်ပေးပို့မှုစနစ်များ ဆောင်ရွက်ပြီးစီးမှုနှင့် လက်တွေ့ရိုက်ကူးရေးဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

**စနစ်တကျဆောင်ရွက်**

ဆက်လက်၍ ရုပ်သံလိုင်း Channel သုံးခု ထုတ်လွှင့်နေသော Presentation Work Station ၃ နှင့် ၄ တို့တွင် SD စနစ်မှ HD စနစ်သို့ အဆင့်မြှင့်တင်ခြင်း လုပ်ငန်း



အား ငွေကျပ်သန်း ၃၃၈၀ ဖြင့် တင်ဒါအောင်မြင်ပြီး လုပ်ငန်းဆောင်ရွက်နေသော Elevate Broadcast Myanmar ကုမ္ပဏီ၏ လုပ်ငန်းများဆောင်ရွက်မှုအား ကြည့်ရှုစစ်ဆေး၍ ယခုဘဏ္ဍာရေးနှစ်ကာလအပြီး စနစ်တကျဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

**လိုအပ်သည်များဆွေးနွေးမှာကြား**

ထို့နောက် Auditorium ခန်းမတွင် ရိုက်ကူးရေးသုံး LED Wall အား ငွေကျပ် ၅၄၉ သန်းဖြင့် တင်ဒါအောင်မြင်ပြီး လုပ်ငန်းဆောင်ရွက်နေသော TMW Enterprise ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် လက်တွေ့အသုံးပြုနေမှုအားလည်းကောင်း၊ MRTV ပင်မအဆောက်အဦအတွက် လေအေးပေးစနစ် အဆင့်မြှင့်တင်တပ်ဆင်ခြင်း ဒုတိယအဆင့်လုပ်ငန်းအား ငွေကျပ်သန်း ၁၂၄၀ ဖြင့် တင်ဒါအောင်မြင်ပြီး လုပ်ငန်းဆောင်ရွက်နေသော Constructive Engineers ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် စမ်းသပ်လည်ပတ်မှုအားလည်းကောင်း စစ်ဆေးပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ၂၀၂၄ -၂၀၂၅ ဘဏ္ဍာနှစ်တွင် အဆင့်မြှင့်တင်ဆောင်ရွက်မည့် Convergence News Room System ၏ လက်ရှိ လုပ်ငန်းစွမ်းဆောင်ရည်အား ကြည့်ရှုစစ်ဆေးပြီး အဆင့်မြှင့်တင်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အား စနစ်တကျစီစဉ်ဆောင်ရွက်ရန် ဆွေးနွေးမှာကြားခဲ့သည်။

**သတင်းစဉ်**

---

## မြန်မာနိုင်ငံဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေ စီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့(၆ / ၂၀၂၃-၂၀၂၄) အစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၉**

ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေ စီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့၏ (၆/၂၀၂၃-၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးသို့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့မှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (UMFCCI)၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်း၊ မြန်မာနိုင်ငံ ဘဏ်များအသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေကို ပထမအကြိမ် ချေးငွေအဆိုပြုလွှာခေါ်ယူ၍ ချေးငွေထုတ်ချေးထားမှု အခြေအနေနှင့် ဒုတိယအကြိမ် ချေးငွေအဆိုပြုလွှာများ ဆောင်ရွက်ထားရှိမှုအခြေအနေ၊ ချေးငွေအဆိုပြုလွှာများ ပိုမိုလက်ခံ ဆောင်ရွက်ပေးနိုင်ရေးအတွက် ၂၀၂၃ ခုနှစ် စက်တင်ဘာ ၁ ရက်က ကြော်ငြာစာထုတ်ပြန်၍ ဆောင်ရွက်လျက်ရှိသည့်အခြေအနေနှင့် ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေ ပိုမိုတိုးတက်ထုတ်ချေးရေးအတွက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ရန် လိုအပ်သည့် အခြေအနေများကို ပြောကြားသည်။

ဆက်လက်၍ ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေ စီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့ အတွင်းရေးမှူး မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းသူက ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေအဆိုပြုလွှာများ ပိုမိုလက်ခံ ဆောင်ရွက်ပေးနိုင်ရေးအတွက် ကြော်ငြာစာထုတ်ပြန်ပြီးနောက် လက်ခံရရှိမှု အခြေအနေနှင့် ဆီစက်လုပ်ငန်းများ ချေးငွေ တိုးတက်ထုတ်ချေးနိုင်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေကို လည်းကောင်း၊ အထောက်အကူပြု အဖွဲ့ခေါင်းဆောင်များက သက်ဆိုင်ရာအဖွဲ့အလိုက် ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ Project Management Unit စီမံကိန်းဒါရိုက်တာက ချေးငွေအမှုတွဲများ စိစစ်ပြီးစီးမှုအခြေအနေကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး လုပ်ငန်းအဖွဲ့ဝင်များက ဝိုင်းဝန်းအကြံပြု ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

---

## လျှပ်စစ်သုံးမော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ဆိုင်ကယ်အပိုပစ္စည်းများ တင်သွင်းရောက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၉**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ခွင့်ပြုချက်ဖြင့် Myanmar Great Motor Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Aiqar eQ3 အမျိုးအစား လျှပ်စစ်သုံးယာဉ်များ၊ Aung Kan Bo Motorcycle Industrial Co., Ltd. မှ တင်သွင်းလာသော Kanbo အမျိုးအစား လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များ၊ Myanmar Arr Thit Man Motor Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် YADEA အမျိုးအစား လျှပ်စစ်သုံး မော်တော်ဆိုင်ကယ်များနှင့် ဆိုင်ကယ်အပိုပစ္စည်းများသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ဖေဖော်ဝါရီ ၂၉ ရက်တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် မိုးစပါးစီမံကိန်းတွင် စိုက်ဧက ခုနစ်သိန်းခန့်ရှိပြီး လိုအပ်သောသွင်းအားစုများ ရာသီအချိန်မီရရှိရေး သက်ဆိုင်ရာဌာနများက ကြိုတင်ကြီးကြပ်ဆောင်ရွက်ပေးရမည်

နေပြည်တော် ဖေဖော်ဝါရီ ၂၉

**ယူရီးယားမြေဩဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**



အစည်းအဝေးသို့ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ မြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေး လုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်တို့မှ ကိုယ်စားလှယ်များ၊ ဦးဆောင်ကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဈေးနှုန်းသက်သာအောင် ကြီးကြပ်ဆောင်ရွက်**

ဦးစွာ ဦးဆောင်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက စိုက်ပျိုးရေးလုပ်ငန်း အများစုမှာ စပါးစိုက်ပျိုးကြပြီး မိုးစပါး စိုက်ဧက ၁၅ သန်းခန့်ရှိကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် မိုးစပါးစီမံကိန်းတွင် စိုက်ဧက ခုနစ်သိန်းခန့်ရှိပြီး လိုအပ်သော သွင်းအားစုများ ရာသီအချိန်မီရရှိရေးကို သက်ဆိုင်ရာဌာနများက ကြိုတင်ကြီးကြပ်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မြေဩဇာအသင်းအနေဖြင့် အသင်းဝင်ကုမ္ပဏီများက သွင်းကုန်လိုင်စင်ရရှိပြီး လိုင်စင်ကိုင်ထားခြင်း၊ ပြန်လည်ရောင်းချခြင်း၊ ဈေးကစားခြင်းများ မရှိစေရေး၊ လိုင်စင်ဖောင်းပွမှုများ မရှိစေရေးတို့အတွက် ကြီးကြပ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ သွင်းအားစုများ အချိန်မီရရှိရန်၊ အရည်အသွေးပြည့်မီရန်၊ ဈေးနှုန်းသက်သာအောင် ကြီးကြပ်ဆောင်ရွက်ရန်၊ မိုးစပါးရာသီအတွက် သွင်းအားစုများ အချိန်မီရရှိအောင် ယခုကတည်းက ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန်နှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် ဆောင်ရွက်မည့် "မူ"ဝါဒများနှင့်အညီ စိစစ်ဆောင်ရွက်ပေးကြရန် မှာကြားသည်။

ဆက်လက်၍ ဦးဆောင်ကော်မတီအတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်က ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားမှုများနှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် သွင်းအားစုများ တင်သွင်းထုတ်လုပ်ဖြန့်ဖြူးခြင်းဆိုင်ရာ မူဝါဒများကို လည်းကောင်း၊ မြန်မာနိုင်ငံ မြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း ကိုယ်စားလှယ်က လုပ်ငန်းဆောင်ရွက်နေမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**လိုအပ်သည်များဖြည့်စွက်ရှင်းလင်း**

ထို့နောက် ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် ဒုတိယဝန်ကြီး ဦးမြင့်စိုးတို့က လုပ်ငန်းဆောင်ရွက်နေမှုများအပေါ် လိုအပ်သည်များ ဖြည့်စွက်ရှင်းလင်း ဆွေးနွေးကြသည်။

ယင်းနောက် ဦးဆောင်ကော်မတီအဖွဲ့ဝင် ဦးစီးဌာနကိုယ်စားလှယ်များက ဝိုင်းဝန်း အကြံပြုရှင်းလင်း ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ လုပ်ငန်းလိုအပ်ချက်များအပေါ် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**မဒန်းဆည်ရေအသုံးပြုကာ စိုက်ပျိုးသွားမည်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် လယ်ဝေးမြို့နယ် ကြောင်ရေကျေးရွာတွင် သမဝါယမဦးစီးဌာနနှင့် လယ်ယာသုံးစက်ကိရိယာများ ရောင်းချနေသည့်ကုမ္ပဏီများ အကျိုးတူ ပူးပေါင်းဆောင်ရွက်သည့် သမဝါယမလယ်ယာဝန်ဆောင်မှုသရုပ်ပြပွဲသို့ တက်ရောက်ပြီး **(အပေါ်ယာပုံ)** ကြောင်ရေကျေးရွာရှိ ကြောင်ရေစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းမှ အသင်းသား ၃၀ ၏ လယ်မြေ ၂၃၉ ဧကအနက် ၁၂၅ ဧကမှာ နွေစပါးစိုက်ပျိုးနိုင်ရေး ကုမ္ပဏီပိုင်ထွန်စက်များ၊ သမဝါယမအသင်းပိုင်၊ အသင်းသားပိုင် ထွန်စက်များဖြင့် စနစ်တကျလယ်ယာမြေ ဖော်ထုတ်ထွန်ယက်ပေးပြီး ထိုင်းနံ့ကောက်စပါးမျိုးများကို မဒန်းဆည်ရေအသုံးပြုကာ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အချိန်မီစုပေါင်းထွန်ယက်၊ အချိန်မီစုပေါင်းစိုက်ပျိုး၊ အချိန်မီစုပေါင်းရိတ်သိမ်းခြင်းဖြင့် ပန်းတိုင်အထွက်တိုးနှုန်း ပြည့်မီအောင် ဆောင်ရွက်နိုင်မည်ဖြစ်ပြီး အကျိုးအမြတ် ပိုမိုရရှိကာ စုပေါင်းရောင်းချခြင်းကိုလည်း အတူတကွ လုပ်ဆောင်ကြရန် မှာကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက နေပြည်တော်ကောင်စီအတွင်း ဆောင်ရွက်နေသည့် သမဝါယမစနစ် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ရေး လိုက်နာဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ပူးပေါင်းချိတ်ဆက်ရမည့် လုပ်ငန်းများနှင့် တောင်သူများ ပန်းတိုင်အထွက်နှုန်း ရရှိရေး ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရက သမဝါယမလယ်ယာဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို လည်းကောင်း၊ ကုမ္ပဏီများမှ တာဝန်ရှိသူများက စက်ကိရိယာများအကြောင်းကို လည်းကောင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တာဝန်ရှိသူတစ်ဦးက အရစ်ကျစနစ်ဖြင့် ဝယ်ယူခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြပြီး အသင်းသားတောင်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လယ်ထွန်စက်များဖြင့် သမဝါယမလယ်ယာဝန်ဆောင်မှု ထွန်ယက်သရုပ်ပြသနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ အားကစားနည်းအလိုက် အားကစားသမားများ၏ လေ့ကျင့်နေမှုများအား လိုက်လံကြည့်ရှုအားပေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၉**



အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် အားကစား လေ့ကျင့်ရေးစခန်း (Gold Camp)၌ စခန်းဝင်လေ့ကျင့်လျက်ရှိသည့် ပဏာမလက်ရွေးစင် အားကစားသမားများနှင့် (Youth Camp)မှ လူငယ်အားကစားသမားများ၏ အားကစားနည်းအလိုက် လေ့ကျင့်နေမှုများကို လိုက်လံကြည့်ရှုအားပေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ဝဏ္ဏသိဒ္ဓိအားကစားကွင်း လေ့ကျင့်ရေးကွင်းအမှတ် (၁) ၌ ပြေးခုန်ပစ် (အပစ်) အားကစားသမားများ၏ လေ့ကျင့်နေမှုနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီး ခရစ်ကတ်အားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် ရခိုင်ပြည်နယ်အသင်းမှ အားကစားသမားများ၏ လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးပြီး နေထိုင်စားသောက် လေ့ကျင့်မှုများတွင် အခက်အခဲရှိပါက သတင်းပို့တင်ပြသွားရန် တာဝန်ရှိသူအား မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်းတွင် ပြေးခုန်ပစ် (တာလတ်၊ တာဝေး) အားကစားသမားများ၏ လေ့ကျင့်နေမှု၊ အလေးမ အားကစားရုံတွင် အလေးမအားကစားသမားများ၏ လေ့ကျင့်နေမှု၊ ဖူဆယ်အားကစားရုံတွင် ဝူရှူးအားကစားသမားများ၏ လေ့ကျင့်နေမှုနှင့် ဝဏ္ဏသိဒ္ဓိအားကစားရုံ(C) တွင် ဘော်လီဘော အားကစားသမားများ၏ လေ့ကျင့်နေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး အားကစားသမားများအနေဖြင့် စံချိန်၊ စံညွှန်းများ တိုးတက်ကောင်းမွန်စေရန် မိမိတို့ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးစားလေ့ကျင့်သွားရန်နှင့် ပြိုင်ပွဲအတွေ့အကြုံများရရှိစေရေးအတွက် နိုင်ငံတကာအားကစားပြိုင်ပွဲများသို့ စေလွှတ်ပေးသွားမည်ဖြစ်ကြောင်း၊ လိုအပ်သည့် လေ့ကျင့်ရေးအထောက်အကူပြု ပစ္စည်းများကိုလည်း ဖြည့်ဆည်းဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း၊ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ စံချိန်၊ စံညွှန်းများကို အားကစားသမားများ သိရှိအောင် ဆောင်ရွက်ထားရှိရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဘိလိယက်နှင့်စနူကာအားကစားရုံတွင် ကျင်းပလျက်ရှိသည့် ပြည်နယ်နှင့် တိုင်းဒေသကြီး ဘိလိယက်နှင့် စနူကာပြိုင်ပွဲ အကြိုဖိုင်နယ်ပွဲ ပွဲစဉ်များအဖြစ် Snooker 15 Red ပြိုင်ပွဲ၊ 9 Ball Pool Men Single ပြိုင်ပွဲ၊ 9 Ball Pool Women Double ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သမဝါယမ စာရင်းရေးစာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်း(မော်လမြိုင်)၌ အခြေခံစာရင်းကိုင်နှင့် စာရင်းစစ်သင်တန်း(အမှုထမ်း)ဖွင့်လှစ်

**မော်လမြိုင် ဖေဖော်ဝါရီ ၂၉**

အခြေခံစာရင်းကိုင်နှင့် စာရင်းစစ်သင်တန်း (အမှုထမ်း) ဖွင့်ပွဲအခမ်းအနားကို သမဝါယမစာရင်းရေး စာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း (မော်လမြိုင်)၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခင်မာအေးက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့် Virtual သင်တန်းဖြစ်သည့်အတွက် အာရုံစူးစိုက် လေ့လာသင်ကြားကြရန် ပြောကြားသည်။

အဆိုပါသင်တန်းကို သမဝါယမစာရင်းရေး စာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း (မော်လမြိုင်) ၌ ပထမအကြိမ်အဖြစ် ဖေဖော်ဝါရီ ၂၈ ရက်မှ မတ် ၁၂ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်အတွင်းရှိ သမဝါယမဦးစီးဌာန အဆင့်ဆင့်တို့မှ အမှုထမ်းဝန်ထမ်း ၄၀ အား Virtual စနစ်ဖြင့် အခြေခံစာရင်းရေး စာရင်းကိုင်ပညာ၊ သမဝါယမစာရင်းကိုင်ပညာနှင့် စာရင်းစစ်ဆေးခြင်း ဘာသာရပ်များကို သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

ကမ္ဘာ့ဖြစ်ရပ်မှန်မြင်ကွင်းကြားမှ ရယူအပ်ရာသင်ခန်းစာများ

# သားသမီးမကောင်း မိဘခေါင်းနှင့် အကျိုးစီးပွားအခြေခံ အဂတိကပ်ဆိုက်မှု

**အဂတိသည် ဆင်းရဲမွဲတေခြင်း၊ ဖွံ့ဖြိုးတိုးတက်မှုမရှိခြင်းများ၏ အကြောင်းတရားများအနက် တစ်ခုဟု ဆိုကြသည်။ သို့သော် ၎င်းအဂတိသည် ဖွံ့ဖြိုးတိုးတက်ပြီးသော နိုင်ငံများတွင်လည်း အဘယ့်ကြောင့် အမြစ်တွယ်လိုက်စားတတ်သော မကောင်းမှုကြီးတစ်ခု ဖြစ်နေရပြန်သနည်း။**

မြင့်မြတ်

ဖွံ့ဖြိုးပြီးနိုင်ငံများတွင် အဂတိနှင့် ဖွံ့ဖြိုးတိုးတက်မှုသည် ဆက်စပ်မှုမရှိလေဟန် နားလည်နေကြသော်လည်း ဒီမိုကရေစီနှင့် လစ်ဘရယ်ဆန်သော အနောက်နိုင်ငံများတွင် အဂတိကို အားနည်းချက်တစ်ခုအဖြစ် ပြည်သူလူထုက ရှုံ့ရှာစက်ဆုပ်လာနေကြသည်ကို သတိထားမိလာကြသည်။ ဖွံ့ဖြိုးပြီးအနောက်နိုင်ငံများမှာ အဂတိကင်းသည့်လူ့ဘောင်တစ်ရပ်အဖြစ် ကြွေးကြော်လျက်ကပင် အဂတိတရားများကား ထုပြောလာနေသည်။

> **“ဘိုင်ဒင်သည် အမေရိကန်နိုင်ငံနှင့် နိုင်ငံသားတို့၏စံပြ၊ ဒီမိုကရေစီ၏ တန်ဖိုးထိုက်သူတစ်ဦးအဖြစ် ဖြစ်သင့်သော်လည်း ယခုအနေအထားမှာ ထိုသို့ဟုတ်ပုံမရ၊ အကျင့်ပျက်ခြစားမှုအရှုပ်တော်ပုံများကြောင့် ဘိုင်ဒင်၏ နိုင်ငံရေးခရီးလမ်းဆုံးရောက်ရမည့်အခြေအနေများနှင့် လာမည့်ရွေးကောက်ပွဲ ၂၀၂၄ GE မှာ ဒီမိုကရက်တစ်ပါတီ အခြေမလှဖြစ်ရမည့်အခြေအနေများကို တွေ့မြင်နေရသည်။ သားဖြစ်သူဟန်တာ၏ ဆန္ဒာဂတိများအပေါ်မှာ တာဝန်ယူရမည့်အနေအထားများကြောင့် သားသမီးမကောင်း မိဘခေါင်းဆိုသလို နာမည်ပျက်ရသည့်အနေအထားရောက်လာရသည်”**

## အဂတိတရား၏အကျိုးဆက်

ချမ်းသာသည်ထက် ချမ်းသာလိုသူ၊ အာဏာကို ထပ်ကာထပ်ကာ ဆုပ်ကိုင်ထားချင်သူများသည်လည်း လူထဲကလူတွေပင်ဖြစ်၍ အဂတိတရားနှင့် ဘယ်လိုကင်းနိုင်ကြမည်လဲ၊ အထူးသဖြင့် အနောက်တိုင်းနိုင်ငံ့ခေါင်းဆောင်များထဲမှ အမေရိကန်သမ္မတဘိုင်ဒင်နှင့် သူ့မိသားစု၊ သူ့သားဟန်တာဘိုင်ဒင်တို့သားအဖ အရှုပ်တော်ပုံကို ဥပမာပြချင်သည်။ အဂတိတရားဆိုရာတွင် လာဘ်ပေးလာဘ်ယူသာမက ဘက်လိုက်မှု၊ မျက်နှာလိုက်မှု၊ မမျှတမှုများလည်း ပါဝင်သည်။ ကျင့်ဝတ်အားနည်းမှုနှင့် အဂတိဆက်စပ်မှုကို ဘိုင်ဒင်တို့သားအဖမှာ တွေ့ရသည်။ တရားမဝင်တာကို တရားဝင်အောင်လုပ်ခြင်းသည်ပင် အဂတိဖြစ်နေသည်ကို တွေ့ရမည်ဖြစ်သည်။

ဘိုင်ဒင်လို နိုင်ငံ့ခေါင်းဆောင်ပိုင်းက အဂတိတစ်ခုခုနှင့် မကင်းသည့်အခါ နိုင်ငံလည်း ကံဆိုးမိုးမှောင်ကျရပုံကို ကွက်ကွက်ကွင်းကွင်း မြင်လာရသည်။ ကိုယ့်ဆွေမျိုး၊ ကိုယ်နှစ်သက်သူကို လိုလိုလားလားအကျိုးဆောင်ပေးခြင်း၊ ကိုယ်မချစ်သည့်သူဆို အငြိုးအတေးထားပြီး လုပ်သင့်သည်ကို မလုပ်ပေးမိခြင်း၊ ခြိမ်းခြောက်ခံရ၍ လုပ်လိုက်ရခြင်း၊ အဂတိကို အဂတိမှန်းမသိလေခြင်း၊ မသိ၍လုပ်မိခြင်း အားလုံးယနေ့အမေရိကန်နိုင်ငံရေးလောကမှာ ထင်ထင်ရှားရှားတွေ့လာနေရသည်။

**ဘိုင်ဒင်သည် အမေရိကန်နိုင်ငံနှင့် နိုင်ငံသားတို့၏စံပြ၊ ဒီမိုကရေစီ၏ တန်ဖိုးထိုက်သူတစ်ဦးအဖြစ် ဖြစ်သင့်သော်လည်း ယခုအနေအထားမှာ ထိုသို့ဟုတ်ပုံမရ၊ အကျင့်ပျက်ခြစားမှုအရှုပ်တော်ပုံများကြောင့် ဘိုင်ဒင်၏ နိုင်ငံရေးခရီးလမ်းဆုံးရောက်ရမည့် အခြေအနေများနှင့် လာမည့်ရွေးကောက်ပွဲ ၂၀၂၄ GE မှာ ဒီမိုကရက်တစ်ပါတီအခြေမလှ ဖြစ်ရမည့်အခြေအနေများကို တွေ့မြင်နေရသည်။ သားဖြစ်သူဟန်တာ၏ ဆန္ဒာဂတိများအပေါ်မှာ တာဝန်ယူရမည့်အနေအထားများကြောင့် သားသမီးမကောင်း မိဘခေါင်းဆိုသလို နာမည်ပျက်ရသည့်အနေအထား ရောက်လာရသည်။**

ပြိုင်ဘက်ရီပတ်ဘလစ်ကင်နှင့် ထရမ့်အပေါ်မှာ မနာလိုဝန်တိုမှုနှင့် သည်းမခံနိုင်ခြင်းတို့က အမေရိကန်သမိုင်းတစ်လျှောက် တစ်ခါဖူးမှမကြုံဖူးသော နိုင်ငံသားတို့၏ စည်းလုံးညီညွတ်မှုကို ပြိုကွဲသွားစေသည်။ အဂတိက အမေရိကန်တို့ကို အကြောက်တရားနှင့် အမုန်းတရားကိုဖြစ်စေသည်။ ကမ္ဘာ့အလယ်မှာ အမေရိကန်နှင့် ဒီမိုကရေစီဂုဏ်သတင်းများမေးမှိန်ရပြီး အင်အားကြီးသူအဖြစ်မှလျှော့ကျ၊ လေးစားမှုတန်ဖိုးများ ဆုံးရှုံးနေရသည်။

## ဟန်တာဘိုင်ဒင်၊ ယူကရိန်းနှင့် တရုတ် CNOCC အကြား ဆက်စပ်မှု

ယနေ့ အမေရိကန်နိုင်ငံ၏ အဂတိဗဟိုချက်အဖြစ် အမေရိကန်ပြည်သူတို့၏ အာရုံသည် သမ္မတဘိုင်ဒင်၏သား ဟန်တာဘိုင်ဒင်အပေါ် ပုံကျလာသည်ကိုတွေ့နေရသည်။ ယူကရိန်းစစ်ပွဲက သားဟန်တာ၏ အဂတိဖြစ်မှုကို ပိုမိုခိုင်မာသွားစေသည်ဟုဆိုကြပြီး ရုရှားနှင့်စစ်ဖြစ်မည့် proxy ကို ယူကရိန်းကို ရွေးချယ်ခဲ့ခြင်းကပင် ဟန်တာတို့သားအဖ၏ ယူကရိန်းနှင့် ဆက်စပ်နေသည့် အဂတိကြောင့်ဟု ယူဆဖွယ်ရာ Conspiracy theory တစ်ခုပေါ်ပေါက်ခဲ့သည်မှာ သတိထားစရာဖြစ်သည်။ ထိုသီအိုရီအမှားများကိုအခြေခံ၍ သမ္မတဘိုင်ဒင်နှင့် သူ့သားအပေါ် ပြစ်တင်ဝေဖန်မှုများကို ဖန်တီးသူများဟု စွပ်စွဲခံရသည့် ယူကရိန်းနိုင်ငံရေးသမားများကိုလည်း ယူကရိန်းထောက်လှမ်းရေးက ဖမ်းဆီးအရေးယူထောင်ချပြီး အပြန်အလှန်နှိပ်ကွပ်နေကြသည်။

အမေရိကန် FBI သတင်းပေးတစ်ဦးသည် လိမ်ညာသတင်းပေးဖြန့်ဝေမှုအတွက် ယခုနှစ်အတွင်း အရေးယူခံခဲ့ရသည်။ အရေးယူခံရသူများသည် ရုရှားထောက်လှမ်းရေးအဖွဲ့ GRU၊ သမ္မတဟောင်း ထရမ့်ကို ထောက်ခံသူများ၊ အမေရိကန်သတင်းဂျာနယ်လစ်များနှင့် ကွန်ရက်ဖန်တီး၍ အပေးအယူလုပ်ခဲ့ကြပြီး ဘိုင်ဒင်နှင့် ယူကရိန်း ဆက်နွှယ်မှုကို ဖော်ထုတ်ခဲ့ကြသူများဖြစ်သည်။ မှန်သည်၊ မမှန်သည်အပထား ယခုလိုအဖြစ်အပျက်များ ထွက်ပေါ်လာရခြင်း၏အတိတ်အကြောင်းအရာများကတော့ အမှန်တကယ်ရှိခဲ့ပါသည်။

၂၀၁၄-၂၀၁၅ ခုနှစ်ခန့် ထိုစဉ်က ဂျိုးဘိုင်ဒင်က ဒုသမ္မတ၊ ယူကရိန်းမှာ အမေရိကန်အကူအညီဖြင့် လာဘ်စား၊ ခြစားသည့် ဒီမိုကရေစီအစိုးရတစ်ရပ်ကို တော်လှန်ရေးဆင်နွှဲ၍ ဖြုတ်ချအပြီးမှာ နောက်တက်လာသည့် အစိုးရအောက်တွင်ရှိသည့် ယူကရိန်းဓာတ်ငွေ့ကုမ္ပဏီ Burisma ဘုတ်အဖွဲ့မှာ သူ့သား ဟန်တာဘိုင်ဒင်နှင့် ဟန်တာ၏အသိစီးပွားရေးလုပ်ငန်းရှင် ဒေဗွန်အာချာတို့နှစ်ဦး ပါဝင်ပတ်သက်ရာမှ စတင်ခဲ့သည်ဟု ဆိုနိုင်သည်။ ထိုစဉ်က ဒုသမ္မတဘိုင်ဒင်ကိုယ်တိုင် ယူကရိန်းသို့သွားပြီးမှ ဘုတ်အဖွဲ့မှာ သူ့သား၏ ပါဝင်ပတ်သက်မှု စတင်ခဲ့ခြင်းဖြစ်သည်။ ပေကျင်းနှင့် ကာဇက်စတန် ဓာတ်ငွေ့တူးဖော်ရေးကိစ္စတွင် ထိုကုမ္ပဏီအနေဖြင့် ကိုယ်စားလှယ်အဖြစ် ပါဝင်ခွင့်ရအောင်လုပ်ရာမှာ ဟန်တာတို့က အဓိကဇာတ်ဆောင်များ ဖြစ်ခဲ့သည်။

ဘုတ်အဖွဲ့တွင် ပါဝင်မှုနှင့်ပတ်သက်၍ ဟန်တာနှင့် အာချာတို့သည် ယူကရိန်းအစိုးရအဖွဲ့ကို လာဘ်ထိုးခဲ့ကြသည်။ တရားမဝင်ငွေပေးငွေယူကိစ္စများ ကိုယ်တိုင်ပြုလုပ်ခဲ့ကြသည်။ အဂတိမကင်းသည့်အစိုးရကိုဖြုတ်ချခဲ့သည့် ယူကရိန်းအစိုးရသစ်သည် အဂတိနွံမှ ယနေ့ထိတိုင် ရုန်းမထွက်နိုင်သည်မှာ ဘိုင်ဒင်တို့သားအဖစနက်ကြောင့်လည်း ပါနိုင်သည်။ ဘိုင်ဒင်ဒုသမ္မတဘဝမှာ ယူကရိန်းကုမ္ပဏီကို စုံစမ်းစစ်ဆေးသည့်ကိစ္စနှင့်ပတ်သက်၍ ယူကရိန်းအစိုးရကို ခြိမ်းခြောက်ဖိအားပေးခဲ့ဖူးသည်။ အဂတိကင်းသည့် ယူကရိန်းအစိုးရဖြစ်လာရေး အမေရိကန်၏ ကြိုးပမ်းမှုများမှာ ဘိုင်ဒင်တို့သားအဖကြောင့် ကမောက်ကမဖြစ်ကုန်သည်ဟု ဆိုရမည်ဖြစ်သည်။

နိုင်ငံတကာက စီးပွားရေးပိတ်ဆို့ထားသည့် ကုမ္ပဏီတစ်ခုနှင့် တရားမဝင်အလုပ်လုပ်နေသည့် သားအပေါ်မှာ သူ့ဖခင်နိုင်ငံတော်သမ္မတကြီးအနေဖြင့် ဘာကြောင့်မသိခဲ့၊ မတားခဲ့ပါသလဲ။ ဟန်တာဘိုင်ဒင်သည် ကာဇက်စတန်ရှိ တရုတ်ကုမ္ပဏီ CNOCC နှင့် အကျိုးတူ ပူးပေါင်းလုပ်ခဲ့သည်။ အဂတိအမှုနှင့်သစ္စာဖောက်မှုများကျူးလွန်ခဲ့သည်ဟု စွပ်စွဲခံခဲ့ရသည့် ကာဇက်စတန်ဝန်ကြီးချုပ်ဟောင်းနှင့်လည်း သူငယ်ချင်းဖြစ်ခဲ့ဖူးသည်။

တရုတ်ကုမ္ပဏီ စီးပွားရေးလုပ်ငန်းရှင်များကို ယူကရိန်းကုမ္ပဏီတွင် ပါဝင်စေခြင်းဖြင့် တရုတ်အကျိုးစီးပွားတိုးတက်ရေး၌ ဟန်တာ၏ ပါဝင်ပံ့ပိုးမှုများရှိလာခဲ့ပြီး အခွန်ရှောင်ခြင်းနှင့် ငွေကြေးခဝါချမှုများလည်းရှိခဲ့ကြောင်း အထောက်အထားများ ရရှိနေပုံရသည်။ အမေရိကန်အကျိုးစီးပွားအတွက်ကိုမူ ဆုတ်ယုတ်မှုများဖြစ်စေခဲ့ကြောင်း အထောက်အထားများပေါ်ထွက်လာခဲ့ရာ ထိုကျူးလွန်မှုများသည် နိုင်ငံတော်ကို သစ္စာဖောက်သည့် ကျူးလွန်မှုများပဲမဟုတ်ပါလား။

ယခုလတ်တလော သတင်းတစ်ခုတွင်ပင် လွန်ခဲ့သောသုံးရက်ခန့်က အမေရိကန် CBS အထက်တန်း အမျိုးသမီးသတင်းထောက် ကက်သရင်းဟာရချ်ဆိုသူ အလုပ်မှထုတ်ပယ်ခံလိုက်ရသည့် သတင်းတစ်ခု ထွက်လာသည်။ ထိုအမျိုးသမီးသည် သမ္မတဘိုင်ဒင်၏ အဂတိအမှုကို လိုက်လံစုံစမ်းနေသူဖြစ်သည်။ သမ္မတနှင့် အင်တာဗျူးအပြီးမှာ ၎င်း၏ မှတ်တမ်းဖိုင်များ၊ အထောက်အထားသက်သေများ သိမ်းဆည်းခံခဲ့ရပြီး ယခုလို အလုပ်မှသံသယဖြစ်ဖွယ် ထုတ်ပယ်ခံလိုက်ရခြင်းအပေါ် မေးခွန်းများစွာပေါ်ထွက်လာနိုင်ခြေလည်း ရှိနေသည်။

## နိုင်ငံသားကောင်းပီသသောခေါင်းဆောင်နှင့် ကောင်းမွန်သော ပင်ကိုစရိုက်ရှိသင့်

ဂျိုးဘိုင်ဒင်သည် သူ့သားနှင့်အတူ အဂတိမကင်းသည့်လုပ်ငန်းများမှာ ပါဝင်ပတ်သက်မှုတင်မက သူကိုယ်တိုင်လည်း နိုင်ငံအချို့ရှိ အဂတိကိစ္စများမှာ ထင်ပေါ်သည့် လုပ်ငန်းရှင်များနှင့်လည်း မကင်းရာမကင်းကြောင်း ငြိစွန်းမှုများရှိခဲ့ကြောင်း သိရပါသည်။ ထိုကဲ့သို့ပတ်သက်မှုများမှတစ်ဆင့် ၂၀၁၅ ခုနှစ်မှာ ရိုမေးနီးယားစီးပွားရေးလုပ်ငန်းရှင်တစ်ဦးဆီမှ ဒေါ်လာသုံးသန်း၊ တရုတ်ရှန်ဟိုင်း အုပ်စု CEFC မှ ဒေါ်လာရှစ်သန်းခန့်၊ ယူကရိန်းမှ ဒေါ်လာ ၆ ဒသမ ၅ သန်း၊ ရုရှားစီးပွားရေးလုပ်ငန်းရှင်အမျိုးသမီး ယဲလီနာ ဘာကျူရီနာထံမှ ရို့စ်မောင့်ဆီနီကာကုမ္ပဏီမှတစ်ဆင့် ဒေါ်လာ ၃ ဒသမ ၅ သန်း စသည်ဖြင့် လက်ခံရရှိခဲ့ဖူးသည်ဟုဆိုသည်။

**ဘိုင်ဒင်တို့သားအဖနှင့်ပတ်သက်သူ နိုင်ငံရေးသမားများနှင့် လုပ်ငန်းရှင်တိုင်းသည် သက်ဆိုင်ရာ ယူကရိန်း၊ ကာဇက်စတန်၊ ရိုမေးနီးယား၊ ရုရှား စသည့်နိုင်ငံတို့မှာ အဂတိအမှုများနှင့် မကင်းသူများဖြစ်နေကြပြီး အချို့မှာ အရေးယူခံကြရသူများဖြစ်သည်။ ထိုနိုင်ငံများနှင့် ပတ်သက်ရာကုမ္ပဏီများမှာ ဟန်တာဘိုင်ဒင်သည် ဒါရိုက်တာဘုတ်အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့သည်ချည်းဖြစ်သည်။ ယခုအခါ ဘိုင်ဒင်တို့မိသားစုမှာ ချမ်းသာနေသလောက် အမေရိကန်ပြည်သူများ၏အကြွေးက ဒေါ်လာ ၃၄ ဒသမ ၂၆ သန်းအထိ အလျှင်အမြန်ကြီးထွားနေသည်ကိုလည်း သတိထားမိသည်။**

နိုင်ငံ့ခေါင်းဆောင်နှင့် မိသားစုများအပါအဝင် နာမည်ကြီး အထင်ကရအသိုင်းအဝိုင်းများသည် ပြည်သူများနှင့် လူငယ်များအတွက် ထာဝရစံပြပုဂ္ဂိုလ်များဖြစ်သင့်ပါသည်။ နိုင်ငံသားကောင်းပီသမှုနှင့် ကောင်းမွန်သောပင်ကိုစရိုက်များသည် ၎င်းတို့ကိုယ်စားပြုသော နိုင်ငံသားများအတွက် အတုယူစရာ ဖြစ်သင့်ပါသည်။ သမ္မတဘိုင်ဒင်၏သားဟန်တာအနေဖြင့် အရက်အလွန်အကျွံသောက်သုံးမှုနှင့် ဆေးလိပ်၊ မူးယစ်ဆေးဝါးသုံးစွဲမှု၊ လူမှုရေးဆိုင်ရာ မသင့်လျော်သော အပြုအမူများနှင့် တရားမဝင် လိုင်စင်မဲ့ သေနတ်လက်နက်ကိုင်ဆောင်မှုများက အမေရိကန်လူငယ်များအတွက် စံပြဖြစ်ခဲ့ပုံမရဘဲ အတုယူစရာလည်း မဖြစ်ခဲ့ဟု ဆိုနိုင်ပါသည်။

> **“ဘိုင်ဒင်တို့သားအဖနှင့်ပတ်သက်သူ နိုင်ငံရေးသမားများနှင့် လုပ်ငန်းရှင်တိုင်းသည် သက်ဆိုင်ရာ ယူကရိန်း၊ ကာဇက်စတန်၊ ရိုမေးနီးယား၊ ရုရှား စသည့်နိုင်ငံတို့မှာ အဂတိအမှုများနှင့် မကင်းသူများဖြစ်နေကြပြီး အချို့မှာ အရေးယူခံကြရသူများဖြစ်သည်။ ထိုနိုင်ငံများနှင့် ပတ်သက်ရာကုမ္ပဏီများမှာ ဟန်တာဘိုင်ဒင်သည် ဒါရိုက်တာဘုတ်အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့သည်ချည်းဖြစ်သည်။ ယခုအခါ ဘိုင်ဒင်တို့မိသားစုမှာ ချမ်းသာနေသလောက် အမေရိကန်ပြည်သူများ၏အကြွေးက ဒေါ်လာ ၃၄ ဒသမ ၂၆ သန်းအထိ အလျှင်အမြန်ကြီးထွားနေသည်ကိုလည်း သတိထားမိသည်”**

*စာမျက်နှာ ၇ သို့*

## တောင်သူကြွယ်မှ ပြည်လုံးလှမည်

❒ စပါးပေါ်ချိန်၊ ငွေပေါ်ချိန်ဆို
တစ်ချိန်တုန်းက၊ သူ့ဘဝသည်
လှပသာယာ၊ ရှိခဲ့ပါ၏။
❒ သို့သော်ခုခါ
သဘာဝဘေး၊ မလွတ်သေး၍
ငေးမောရင်မှာ၊ တွေးစရာနဲ့
ခံသာမချိ၊ ဖြစ်ရဘိ၏
သူ၏ထွက်ကုန်၊ တောင်လိုပုံ၍
ဈေးကုန်ရှိငြား၊ ဝယ်လက်ပါး၍
များစွာ အရှုံးပေါ်ခဲ့ပြီ။
❒ လုပ်ခွင်လယ်ယာ၊ စိုစိမ်းကာလျှင်
သူငါသီးသီး၊ ဆွေဦးကြီးတို့
ပွားစီးတွင်တွင်၊ ပြုံးပျော်ရွှင်မှ
တိုင်းခွင်ပြည်ရေး၊ အမှန်အေးလိမ့်
သူ့အရေးဘဝ၊ မမြင့်ကြမူ
နိမ့်ရပြည်ရွာ၊ စည်မသာနိုင်
မဏ္ဍိုင်ပြုထား၊ လယ်သမားတို့
ထွက်အားကောင်းကောင်း၊ သူ့ကုန်ရောင်းမှ
လှူရရင်သွေး၊ သားငယ်ထွေးကို
မနေးသွတ်သွင်း၊ သာသနာတွင်းကို
ထင်လင်းကြည်သာ၊ မင်္ဂလာအပေါင်း
ခဝပ်ညောင်းလိမ့်။
❒ ဩော်
သို့မှသာလျှင်၊ သူတို့ရင်ဝယ်
ပျော်ရွှင်ချမ်းသာ၊ ပြည်လည်းသာလိမ့်
မှတ်ပါမနေး၊ တောင်သူ့အရေးကို
အားပေးထောက်ရှု ဂရုပြုစို့...။

**ဘိုမျိုး(ရွှေဘို)**

(တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုပါ၏။)

## ပညာခေတ်တွင် ကျေးလက်နေပြည်သူများနှင့်တိုင်းရင်းသားပြည်သူများ၏ ပညာရည်မြင့်မားရေးကို ဦးစားပေး ဆောင်ရွက်သွားရန်လိုအပ်

**မော်လမြိုင် ဖေဖော်ဝါရီ ၂၉**

၂၀၂၄ ခုနှစ် ဧပြီလ၌ ဆောင်ရွက်မည့် မွန်ပြည်နယ်အတွင်းရှိ ကျေးလက်ဒေသနေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်ရေး လုပ်ငန်းစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂၈ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ပြုလုပ်ရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများ၊ စာတတ်မြောက်ရေး ပြည်နယ်လုပ်ငန်းကြီးကြပ်မှုကော်မတီဝင်များ တက်ရောက်သည်။

အစည်းအဝေးတွင် စာတတ်မြောက်ရေး ပြည်နယ်လုပ်ငန်းကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ်အတွင်း စာတတ်မြောက်ရေး လုပ်ငန်းစီမံချက်ပါလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ပြည်နယ်အဆင့်လုပ်ငန်း ကြီးကြပ်မှုကော်မတီနှင့် ခရိုင်၊ မြို့နယ်အဆင့် လုပ်ငန်းကြီးကြပ်မှုကော်မတီများ အဆင့်ဆင့်ဖွဲ့စည်းဆောင်ရွက်ထားရှိပြီး ကျေးလက်ဒေသနေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်ရေးလှုပ်ရှားမှုကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ စာတတ်မြောက်ခြင်းဟာ လူတစ်ဦးတစ်ယောက်ရဲ့ ဘဝလူနေမှု အဆင့်အတန်းသာမက မိသားစု၊ ရပ်ကွက်နှင့် လူ့အဖွဲ့အစည်းကိုပါ ပြောင်းလဲစေနိုင်သလို ပညာတတ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့်သာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နိုင်မှာဖြစ်ကြောင်း၊ ပညာခေတ်တွင် ကျေးလက်နေပြည်သူများ၊ တိုင်းရင်းသားပြည်သူများ၏ ပညာရည်မြင့်မားရေးကို ဦးစားပေးဆောင်ရွက်သွားရန် လိုအပ်ပြီး ရပ်ရွာအတွင်းရှိ စာမတတ်သူများ၊ ကျောင်းမနေဖူးသူများအား စာသင်သားများ စာရင်းနှင့် စာသင်ဝိုင်းစုဖွဲ့စာရင်းများ ကောက်ယူရန်နှင့် စေတနာလုပ်အားပေးနည်းပြများစာရင်းအား ကောက်ယူနိုင်ရေး ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ပြည်နယ်အတွင်း ကျေးလက်နေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများရဲ့ စာတတ်မြောက်ရေးလုပ်ငန်းများ၊ သင်ကြားရေးအစီအစဉ်များ အဆင်ပြေချောမွေ့စွာ



ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရေး တာဝန်ရှိသူများအားလုံးက အမျိုးသားရေးတာဝန်တစ်ရပ်အနေနှင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးစားဆောင်ရွက်ပေးသွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် စာတတ်မြောက်ရေး ပြည်နယ်လုပ်ငန်းကြီးကြပ်မှုကော်မတီဝင်များက လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများနှင့်ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြခဲ့ကြမှုအပေါ် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများက ဖြည့်စွက်အကြံပြု ဆွေးနွေးတင်ပြခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

## သဲကုန်းမြို့နယ်အတွင်းရှိ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်

**သဲကုန်း ဖေဖော်ဝါရီ ၂၉**

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်အတွင်းရှိ သွေးတိုး၊ ဆီးချိုနှင့် နှလုံးရောဂါဝေဒနာရှင်များကို ရပ်ကွက်နှင့်ကျေးရွာရှိ ပြည်သူများအား မိခင်နှင့် ကလေး ကျန်းမာရေးဌာနတွင် အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ကျန်းမာရေးစောင့်ရှောက်မှုများကို မြို့နယ်အတွင်းရှိ ကျန်းမာရေးဌာနတစ်ခုဖြစ်သည့် မိခင်နှင့် ကလေးကျန်းမာရေးဌာနတွင် စမ်းသပ်ဆောင်ရွက်လျက်ရှိသည်။ သဲကုန်းမြို့နယ်အတွင်းရှိ သွေးတိုး၊ နှလုံး၊ ဆီးချိုဝေဒနာရှင်ပြည်သူများအနေဖြင့် သက်ဆိုင်ရာကျန်းမာရေးဌာနများတွင် သွားရောက်စမ်းသပ်၍ ဆေးကုသမှုခံယူနိုင်ကြောင်း သိရသည်။

**ကိုကျော် (ပြန်/ဆက်)**

*စာမျက်နှာ ၆ မှ*

သမ္မတဘိုင်ဒင် ကိုယ်တိုင်ပင်လျှင် သူ့သား၏ မလျော်သော အပြုအမူများကို မထိန်းကျောင်းနိုင်၊ ပြုပြင်နိုင်ခြင်းမရှိ၊ နိုင်ငံကိုယ်စားပြုသူက မိခင်နိုင်ငံတော်၏ အကျိုးစီးပွား ပဋိပက္ခနှံ့အတွင်းမှာ သားဖြစ်သူ၏ အဂတိမှုများကို လျစ်လျူရှုခြင်းသည် နှစ်ဖက်ပဋိပက္ခကို ပို၍ဆိုးရွားစေပြီး ဘက်လိုက်မှုများကို ဖြစ်စေသည်ဆိုသောအချက်ကို မသိမမြင်နိုင်လောက်အောင် အသိဉာဏ်နည်းလွန်းလှသည်ဟုသာ ဆိုရမည်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ သမ္မတဘိုင်ဒင်နှင့် ဟန်တာတို့အပေါ် အဂတိအခြေခံ စွပ်စွဲပြောဆို ဝေဖန်မှုများမှာ မပြေးသော်ကန်ရာရှိ ဆက်လက်ကျရောက်နေဦးမည်ဖြစ်သည်။ နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေး အကျိုးစီးပွားအခြေခံ၍ အဂတိတရားများဖြစ်ပေါ်လာနိုင်ပုံနှင့်အတူ အကျိုးစီးပွားပဋိပက္ခနှင့် အဂတိတရားဆက်စပ်မှုများကို သင်ခန်းစာယူရပါမည်။ လက်ရှိ သမ္မတဘိုင်ဒင်နှင့် သူ့သား ဟန်တာဘိုင်ဒင်တို့၏ အကျိုးစီးပွား လုပ်ပိုင်ခွင့်များအပေါ် မသိကျိုးကျွန်ပြုမှုနှင့် စီးပွားရေးလုပ်ငန်းများတွင် တရားမဝင်

> **“မည်သို့ပင်ဖြစ်စေ သမ္မတဘိုင်ဒင်နှင့် ဟန်တာတို့အပေါ် အဂတိအခြေခံ စွပ်စွဲပြောဆိုဝေဖန်မှုများမှာ မပြေးသော်ကန်ရာရှိ ဆက်လက်ကျရောက်နေဦးမည်ဖြစ်သည်။ နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေး အကျိုးစီးပွားအခြေခံ၍ အဂတိတရားများ ဖြစ်ပေါ်လာနိုင်ပုံနှင့်အတူ အကျိုးစီးပွားပဋိပက္ခနှင့် အဂတိတရားဆက်စပ်မှုများကို သင်ခန်းစာယူရပါမည်။ လက်ရှိ သမ္မတဘိုင်ဒင်နှင့် သူ့သား ဟန်တာဘိုင်ဒင်တို့၏ အကျိုးစီးပွားလုပ်ပိုင်ခွင့်များအပေါ် မသိကျိုးကျွန်ပြုမှုနှင့် စီးပွားရေးလုပ်ငန်းများတွင် တရားမဝင် အပေးအယူပြဿနာများက ယနေ့အမေရိကန်၏ အကျိုးစီးပွားအပေါ် သက်ရောက်မှုများရှိနေပြီး အကျိုးဆက်အတိုင်းအဆကို မှန်းဆရခက်ပါသည်”**

အပေးအယူ ပြဿနာများက ယနေ့အမေရိကန်၏ အကျိုးစီးပွားအပေါ် သက်ရောက်မှုများရှိနေပြီး အကျိုးဆက်အတိုင်းအဆကို မှန်းဆရခက်ပါသည်။

FBI နှင့် အထက်လွှတ်တော်၏ လက်ရှိစုံစမ်းစစ်ဆေးနေမှုများအရ အဂတိမှုများစွာကို ရင်ဆိုင်နေရသည့် သားဟန်တာဘိုင်ဒင်ကြောင့် သမ္မတဘိုင်ဒင်အပေါ် ပြည်သူက လူကြိုက်နည်းလာမှု၊ သူကိုယ်စားပြုသော ဒီမိုကရက်တစ်ပါတီ၏ ဩဇာကျဆင်းမှုမှ ယနေ့အမေရိကန်လူထုက သူတို့နိုင်ငံကြီး၏ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေးများအပေါ် အယုံအကြည်ကင်းမဲ့လာနေမှုများကို တွေ့မြင်နေရသည်။ ကမ္ဘာကြီးကို ကိုယ်စားပြုသည်ဆိုသော ဒီမိုကရေစီစနစ်ကြီး တဖြည်းဖြည်းဆုတ်ယုတ်လာမှုတွင် ယနေ့ အမေရိကန် နိုင်ငံရေးသမားများ အထူးသဖြင့် ခေါင်းဆောင်ပိုင်း၏အတ္တ၊ မှားယွင်းသော အတွေးအခေါ်များနှင့် လုပ်ဆောင်ချက်များကြောင့်လည်း ပါဝင်သည်။

အဂတိသည် လူတစ်ယောက်၏ အတွေးအခေါ်နှင့် လုပ်ဆောင်ချက်ကို ကမောက်ကမ ဖြစ်သွားလောက်အောင် စွမ်းအားကြီးပုံကို သင်ခန်းစာယူနိုင်ပါသည်။ အမေရိကန်သမိုင်းမှာ ပါတီနှင့် ပြည်သူများနှစ်ခြမ်းကွဲ၊ အမုန်းနှင့် အာဃာတ အပြန်အလှန်လက်စားချေမှုများဖြင့် အကျည်းတန်လာသည်ကို တွေ့နေရသည်။ မိမိနိုင်ငံ၏ အကျိုးစီးပွားကို ပျက်ပြားစေပြီး ရန်သူနိုင်ငံ၏ အကျိုးစီးပွားဖြစ်ထွန်းအောင်လုပ်မိသည့် သစ္စာဖောက်မှုအပြစ်မျိုးကို သက်ဆိုင်ရာနိုင်ငံနှင့် ပြည်သူများအနေဖြင့် မည်သို့မျှ ခွင့်လွှတ်နိုင်စရာရှိမည်ဟု မထင်ပါ။ ။

# ရေနံနှင့်သဘာဝဓာတ်ငွေ့မြေစီမံကိန်းအသစ်များ ထပ်မံရှာဖွေဖော်ထုတ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်လိုအပ်



**နေပြည်တော် ဖေဖော်ဝါရီ ၂၉**
စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် ရှာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ရှာဝတီတိုင်းဒေသကြီးရှိ ညောင်တုန်းနှင့် မအူပင်(တောင်) ရေနံနှင့် သဘာဝဓာတ်ငွေ့မြေမှ ရေနံနှင့် သဘာဝဓာတ်ငွေ့ ထုတ်လုပ်နေမှုနှင့် ထပ်မံတိုးတက်ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မအူပင်(တောင်) ရေနံနှင့် သဘာဝဓာတ်ငွေ့မြေ ရှင်းလင်းဆောင်သို့ ရောက်ရှိရာ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက မအူပင်တွင်းအမှတ်(၁၅) တွင်းဟောင်းအား သုတေသနပြု၍ သဘာဝဓာတ်ငွေ့ တိုးတက်ထုတ်လုပ်နိုင်သည့် အခြေအနေနှင့် သဘာဝဓာတ်ငွေ့ တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် မြန်မာပြည် (အောက်ပိုင်း) ဒေသများတွင် ကုန်းတွင်းပိုင်းရှာဖွေရေး လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ရေနံနှင့် သဘာဝဓာတ်ငွေ့တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် လက်ရှိ ထုတ်လုပ်နေသော ရေနံမြေများအား နည်းပညာအကူအညီဖြင့် စီမံဆောင်ရွက်နေသကဲ့သို့ **ရေနံနှင့်သဘာဝဓာတ်ငွေ့ မြေစီမံကိန်းအသစ်များ ထပ်မံရှာဖွေ ဖော်ထုတ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ထိုသို့ကြိုးပမ်းဆောင်ရွက်ကြရာတွင် ဘူမိဗေဒပညာရှင်များနှင့် အင်ဂျင်နီယာပညာရှင်များအနေဖြင့် ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ပြီး ရှာဝတီတိုင်းဒေသကြီးအတွင်း ရေနံမြေသစ်များ ထပ်မံဖော်ထုတ်၍ သမိုင်းမှတ်တိုင်စိုက်ထူနိုင်ရေး နိုင်ငံတော်အပေါ် စေတနာထားဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊** ထပ်မံတူးဖော်မည့် တွင်းများမှလည်း ရေနံနှင့် သဘာဝဓာတ်ငွေ့ ထပ်မံထုတ်လုပ်ရရှိနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် လိုအပ်သည့် ပံ့ပိုးကူညီမှုများကို အပြည့်အဝ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မအူပင်တွင်းအမှတ်(၁၅)၏ သဘာဝဓာတ်ငွေ့ထုတ်လုပ်နေမှုနှင့် တွင်းအမှတ်(၂၆) တူးဖော်ရန် ပြင်ဆင်နေမှုတို့ကို ကြည့်ရှုအားပေးကာ သဘာဝဓာတ်ငွေ့ တိုးတက်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများကို ဂုဏ်ပြုဆုငွေများ ပေးအပ်ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အမှတ်(၂)နှင့် အမှတ်(၃) ရေနံဓာတ်ငွေ့ရည်စက်ရုံ (ညောင်တုန်း) သို့ရောက်ရှိရာ တာဝန်ရှိသူများက ကုန်းတွင်းသဘာဝဓာတ်ငွေ့ရယူပြီး ရေနံဓာတ်ငွေ့ရည် (LPG) ထုတ်လုပ်ဖြန့်ဖြူးပေးနေသည့် အခြေအနေနှင့် စက်ရုံများ စက်စွမ်းအားပြည့် လည်ပတ်ပြီး LPG ထုတ်လုပ်ရန် စီမံဆောင်ရွက်နေမှု အခြေအနေများကို တင်ပြကြသည်။

တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက ရေနံနှင့်သဘာဝဓာတ်ငွေ့ အရင်းအမြစ်များသည် အကန့်အသတ်ဖြင့်သာ ထုတ်ယူနိုင်သည်ဖြစ်၍ အကျိုးရှိစွာ အသုံးပြုရမည်ဖြစ်ကြောင်း၊ နည်းပညာအသုံးပြုဆောင်ရွက်ခဲ့သဖြင့် မအူပင် ရေနံနှင့်သဘာဝဓာတ်ငွေ့မြေများမှ သဘာဝဓာတ်ငွေ့များ တိုးတက်ထုတ်လုပ်နိုင်ခဲ့ပြီး အမှတ် (၂) နှင့် အမှတ် (၃) ရေနံဓာတ်ငွေ့ရည်စက်ရုံ (ညောင်တုန်း) တို့အတွက် လိုအပ်သော ကုန်းတွင်းသဘာဝဓာတ်ငွေ့များ ဖြည့်ဆည်းပေးနိုင်ခဲ့ပါကြောင်း၊ အိမ်သုံးလောင်စာအဖြစ် ရေနံဓာတ်ငွေ့ရည် (LPG) ပိုမိုသုံးစွဲနိုင်ခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို လျော့နည်းသက်သာစေသည့်အပြင် သုံးစွဲသူပြည်သူများ၏ လူနေမှု အဆင့်အတန်းကိုလည်း မြင့်တက်စေကြောင်း၊ ရေနံဓာတ်ငွေ့ရည် (LPG) ကို အိမ်သုံးကဏ္ဍတွင်သာမက သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် အသုံးပြုနိုင်မည်ဆိုပါက ပိုမိုအကျိုးရှိမည်ဖြစ်ကြောင်း၊ စက်ရုံစဉ်ဆက်မပြတ် လည်ပတ်ထုတ်လုပ်နိုင်ရေးစီမံဆောင်ရွက်ပြီး ရေနံဓာတ်ငွေ့ရည် (LPG) တိုးမြှင့်ထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်သွားရန်လိုကြောင်းပြောကြားပြီး စက်ရုံဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအတွက် အင်အားဖြည့်အစားအစာများ ထောက်ပံ့ပေးအပ်ကာ စက်ရုံဝင်းအတွင်း လှည့်လည်၍ LPG လည်ပတ်ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညောင်တုန်းရေနံနှင့် သဘာဝဓာတ်ငွေ့မြေအစည်းအဝေးခန်းမတွင် ရေနံမြေဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့်တွေ့ဆုံ၍ ဝန်ထမ်းများ၏ စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စများနှင့်ပတ်သက်သည့် တင်ပြမှုများအပေါ် လိုအပ်သော ပေါင်းစပ်ညှိနှိုင်းမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# (၆၂) နှစ်မြောက် တောင်သူလယ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နောင်ယာဖေး-ထူးဂုဏ်-ဝေပုလ္လကျေးရွာချင်းဆက်ကျောက်လမ်းသစ်ဖွင့်လှစ်



**ဘားအံ ဖေဖော်ဝါရီ ၂၉**
(၆၂) နှစ်မြောက် တောင်သူလယ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ ကရင်ပြည်နယ် အစိုးရအဖွဲ့ ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ULURU MM Co.,Ltd မှ တာဝန်ယူ ဆောင်ရွက်သော ဘားအံမြို့နယ် နောင်ယာဖေး-ထူးဂုဏ်-ဝေပုလ္လ ကျေးရွာချင်းဆက် ကျောက်လမ်းသစ်ဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီက နောင်ယာဖေးကျေးရွာရှိ အဆိုပါလမ်းမုခ်ဦး တည်နေရာ၌ ကျင်းပသည်။

လမ်းဖွင့်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ယနေ့ ဖွင့်လှစ်သောလမ်းသည် ဒေသခံတိုင်းရင်းသားပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုသာလျှင် တစ်နေရာနှင့်တစ်နေရာ ကုန်စည်စီးဆင်းမှု လွယ်ကူလျင်မြန်စေမည်ဖြစ်သလို ပညာရေး၊ ကျန်းမာရေးနှင့် အခြားသော လူမှုရေးလုပ်ငန်းများလည်း ဖွံ့ဖြိုးပြီး လူမှုစီးပွားဘဝ ပိုမိုတိုးတက်စေမည် ဖြစ်ကြောင်း၊ ယခုဖွင့်လှစ်ပြီးစီးသည့် ကျောက်လမ်းနှင့် Box Culvert များကို ဒေသခံ တိုင်းရင်းသားများအနေဖြင့် တန်ဖိုးထား ဝိုင်းဝန်းစောင့်ရှောက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက ကျေးရွာချင်းဆက် ကျောက်လမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး လမ်းအား ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါ ကျေးရွာချင်းဆက် ကျောက်လမ်းသစ်မှာ လမ်းအရှည် (၆/၄) မိုင်ရှိပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေ ၂၅၇ ဒသမ ၂၆ သန်းဖြင့် ULURU MM Co.,Ltd မှ တာဝန်ယူ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ မြေငလျင် လှုပ်ခတ်မှုကြောင့် အဆောက်အဦပြိုကျမှုတွင် ရှာဖွေကယ်ဆယ်ရေးနှင့် မီးငြိမ်းသတ်ရေး တုံ့ပြန်မှုသရုပ်ပြခြင်း အခမ်းအနားကို ဘားအံခရိုင် မီးသတ်ဦးစီးဌာန လှာကမြင်ကွက်သစ်၌ ယနေ့နံနက် ၉ နာရီတွင် ကျင်းပရာ ငလျင်ဘေးအန္တရာယ်ဆိုင်ရာ ရှာဖွေကယ်ဆယ်ရေးနှင့် မီးငြိမ်းသတ်ရေး သရုပ်ပြခြင်းကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများက ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်သည့်အခါ အထောက်အကူပစ္စည်းများကို ကယ်ဆယ်ရေးအဖွဲ့ဝင်များအနေဖြင့် အချိန်မရွေး ကျွမ်းကျွမ်းကျင်ကျင် အသုံးပြုနိုင်ရန် လိုအပ်ကြောင်း၊ စက်ယန္တရားကိုလည်း ကြိုတင်ချိတ်ဆက်ထားရန် လိုအပ်ကြောင်းနှင့် ယခုလိုဇာတ်တိုက် လေ့ကျင့်မှုများ ပိုမိုပြုလုပ်သင့်ကြောင်း ပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က ဘားအံခရိုင်မီးသတ်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုဆုငွေ ကျပ်ငါးသိန်း ပေးအပ်ချီးမြှင့်၍ ခင်းကျင်းပြသထားသည့် ကယ်ဆယ်ရေး အထောက်အကူပြုပစ္စည်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ကျန်းမာရေးစောင့်ရှောက်မှု အခွင့်အရေးဆိုင်ရာ ဟောပြောဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၉**
မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကျန်းမာရေးစောင့်ရှောက်မှု အခွင့်အရေးဆိုင်ရာ ဆွေးနွေးဟောပြောပွဲကို ယနေ့မွန်းလွဲပိုင်းတွင် သူနာပြုတက္ကသိုလ် (ရန်ကုန်) ခန်းမကြီး၌ ကျင်းပသည်။

ဆွေးနွေး ဟောပြောပွဲသို့ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ သူနာပြုတက္ကသိုလ် (ရန်ကုန်) မှ တာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က အဖွင့်အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးမှ တာဝန်ရှိသူများက လူ့အခွင့်အရေးဆိုင်ရာ အကြောင်းအရာများနှင့် ကျန်းမာရေးစောင့်ရှောက်မှု အခွင့်အရေးဆိုင်ရာ အကြောင်းအရာဆိုင်ရာ ဘာသာရပ်များကို အကျယ်တဝင့် ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဌာနတွင်း အခြေခံကွန်ပျူတာသင်တန်း အမှတ်စဉ် (၁ / ၂၀၂၃) ဖွင့်ပွဲအခမ်းအနားကျင်းပ



နေပြည်တော် ဖေဖော်ဝါရီ ၂၉

**တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန ဌာနတွင်း အခြေခံကွန်ပျူတာသင်တန်း အမှတ်စဉ် (၁/၂၀၂၄) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အခမ်းအနားသို့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်း၊ အမှုထမ်းများ၊ သင်တန်းမှူး၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

**လေ့လာသင်ယူ**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယခုသင်တန်းသည် အခြေခံမျှသာဖြစ်၍ ဆက်လက်လေ့လာသင်ယူမှု၊ လေ့ကျင့်မှုများ ပြုလုပ်သွားကြမည်ဆိုပါက ရုံးလုပ်ငန်းတွင် ကွန်ပျူတာကျွမ်းကျင်သည့် ဝန်ထမ်းများဖြစ်လာကြမည်ဟု ယုံကြည်ကြောင်း၊ သင်တန်းမှ လေ့လာသင်ယူခဲ့သည့် သင်ခန်းစာများကို လက်တွေ့နယ်ပယ်တွင် စနစ်တကျ နည်းလမ်းမှန်ကန်စွာဖြင့် ပြန်လည်အသုံးချနိုင်ရေးအတွက် ဆက်လက်ကြိုးစားသွားကြရန် လိုအပ်ကြောင်း၊ သင်တန်းသားများ အနေဖြင့် အပြန်အလှန် လေးစားလိုက်နာခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်းများဖြင့် လေ့လာသင်ယူကြရန်ဖြစ်ပြီး မိမိဘဝတိုးတက်ရေးမှသည် မိမိဌာနတိုးတက်ရေး အပါအဝင် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု မြန်မာနိုင်ငံတော် တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် စွမ်းအားစုတစ်ရပ်အနေဖြင့် သစ္စာရှိမှန်ကန်စွာဖြင့် အကျိုးရလဒ်ကောင်း မြောက်မြားစွာကို ဆောင်ကြဉ်းပေးနိုင်သော ပြည်သူ့ဝန်ထမ်းကောင်းများနှင့် နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက သင်တန်းမှပို့ချခဲ့သည့် သင်ခန်းစာများကို လက်တွေ့နယ်ပယ်တွင် စဉ်ဆက်မပြတ် ပြန်လည်အသုံးချနိုင်ရေးအတွက် နိုင်ငံတော်က ထုတ်ပြန်ထားရှိသည့် ရုံးလုပ်ငန်း စည်းမျဉ်း စည်းကမ်းများနှင့်အညီ ဂရုပြုပြီး ဆက်လက်ကြိုးစားသွားကြရန် ပြောကြားသည်။

**တစ်ဦးချင်းမိတ်ဆက်**

ထို့နောက် သင်တန်းသား၊ သင်တန်းသူများက တစ်ဦးချင်း မိတ်ဆက်စကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် သင်တန်းသား၊ သင်တန်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ဖွင့်လှစ်သည့်သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၁၃ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာအသိပညာပေး ဆွေးနွေးပွဲတက်ရောက်



နေပြည်တော် ဖေဖော်ဝါရီ ၂၉

ပြည်သူ့စစ်မှုထမ်း ဥပဒေဆိုင်ရာများ သိရှိနားလည်စေရန်၊ ပြည်သူလူထုတစ်ရပ်လုံးက ပူးပေါင်းပါဝင်ပံ့ပိုးကူညီ ဆောင်ရွက်နိုင်စေရန်၊ လူမှုကွန်ရက် မီဒီယာများနှင့် တရားမဝင် သတင်းဌာနများက ပြည်သူ့စစ်မှုထမ်း ဥပဒေဆိုင်ရာ သတင်းမှားများကို အယုံလွယ်လမ်းမှား မရောက်ရှိစေရေး တရားဝင် သတင်းဌာနများ၏ ထုတ်ပြန်ချက်များကိုသာ လေ့လာနိုင်ရေး အသိပညာပေး ဆောင်ရွက်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်း ဥပဒေဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီရုံးဝင်းအတွင်းရှိ ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော် ကောင်စီဝင်များ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ အမြဲတမ်းအတွင်းဝန်နှင့် တိုင်း၊ ခရိုင်၊ မြို့နယ်များမှ ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့နယ် ရပ်မြို့နယ်ရှိ ရပ်ကွက်နှင့်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ MSME အသင်းဝင်များ၊ NCCI အသင်းဝင်များ၊ ဆန်ကုန်သည်များ၊ ဆီကုန်သည်များ၊ ဟိုတယ်လုပ်ငန်းရှင်များမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဖေဖော်ဝါရီ ၁၁ ရက်တွင် နိုင်ငံတော်ပိုင် နေ့စဉ်သတင်းစာများမှ ပြည်သူ့စစ်မှုထမ်းဥပဒေ စတင်အာဏာတည်သည့် အမိန့်ကြော်ငြာစာကို ထည့်သွင်းဖော်ပြခဲ့ကြောင်း၊ ပြည်သူ့စစ်မှုထမ်းဥပဒေ ထုတ်ပြန်ပြီးသည့်နောက် ရပ်ရွာအေးချမ်း သာယာရေးကို ထိတ်လန့်တုန်လှုပ်ခြောက်ခြားစေရေး ရည်ရွယ်ချက်ထားပြီး လုပ်ကြံဖန်တီးမှု လုပ်ရပ်များကို တွေ့ရကြောင်း၊ ပြည်သူ့စစ်မှုထမ်းဥပဒေတွင် သတ်မှတ်ထားသည့် အသက်အရွယ်အတွင်းတွင် ဥပဒေနှင့်ကိုက်ညီသူများထဲမှ ပညာသင်ကြားနေဆဲသူ၊ မိအိုဖအိုပြုစုလုပ်ကျွေးနေရသူ၊ နိုင်ငံ့ဝန်ထမ်းများ၊ ကျန်းမာရေးကြောင့် ဆေးကုသမှုခံယူနေရသူများကို ယာယီရွှေ့ဆိုင်း ပေးထားမည်ဖြစ်ပြီး ပြည်သူ့စစ်မှုထမ်းရန် မသင့်လျော်သူများကိုလည်း အကြောင်းမဲ့ သက်သက်ခေါ်ယူမည်မဟုတ်သကဲ့သို့ ယခုကာလတွင်လည်း အမျိုးသမီးများကို ပြည်သူ့စစ်မှုထမ်းခေါ်ယူရန် မရှိသေးကြောင်း သတင်းထုတ်ပြန် ထားရှိပြီးဖြစ်ကြောင်း၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး ထာဝရ ရပ်တည်မြဲမြဲစေရန်အတွက် စောင့်ထိန်းရမည့် အမျိုးသားရေး တာဝန်ဖြစ်ကြောင်း၊ ပြည်သူလူထု၏ ဆန္ဒဖြစ်သည့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီလမ်းကြောင်းပေါ် ပြန်လည်လျှောက်လှမ်းနိုင်ရန် ဦးစွာလိုအပ်ချက်သည် နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှု ရရှိရေးပင်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရအနေဖြင့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက် (၉) ရပ် ချမှတ်ပြီး နိုင်ငံတော် ဘက်စုံထောင့်စုံမှ ကြိုးပမ်းဆောင်ရွက်နေကြောင်း ပြောကြားသည်။

ထို့နောက် ပျဉ်းမနားခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုကိုဦး၊ ပျဉ်းမနားခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၁) ဗိုလ်မှူးကြီး ထွန်းလင်းဦးနှင့် ပျဉ်းမနားခရိုင် ဥပဒေအရာရှိဦးလှစိုးတို့က ပြည်သူ့စစ်မှုထမ်း ဥပဒေနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများနှင့်အတူ လယ်ဝေးမြို့နယ် သက္ကယ်ချင်းကျေးရွာ အုပ်စု သက္ကယ်ချင်းကျေးရွာရှိ သုတဝေဖြာ ပညာကမ္ဘာ စာကြည့်တိုက်တွင် လူငယ်လူရွယ်များနှင့် ပြည်သူများ စာပေဖတ်ရှုလေ့လာနိုင်ရန်အတွက် လယ်ဝေးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ရွှေ့လျားစာကြည့်တိုက်ဖြင့် သုတရသစာအုပ်စာစောင်များ ငှားရမ်းပေးနေမှု အခြေအနေများနှင့် လူငယ်လူရွယ်များ စာပေဖတ်ရှု လေ့လာနေမှုများကို ကြည့်ရှုအားပေးပြီး ကျေးရွာစာကြည့်တိုက်အတွက် မတည်ငွေများကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် သက္ကယ်ချင်းကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၌ ကျေးရွာရပ်မိရပ်ဖများနှင့် တွေ့ဆုံကာ လူငယ်များအသိပညာ၊ အတတ်ပညာများ တိုးတက်ရေးအတွက် အကျိုးရှိမည့် သင်တန်းများ ဖွင့်လှစ်သင်ကြားပေးရေး၊ အားကစားပြိုင်ပွဲများ ကျင်းပဆောင်ရွက်ပေးရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ညောင်လေးပင်မြို့၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာ ဆွေးနွေးပွဲကျင်းပ

## ပဲခူးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး တက်ရောက်အသိပညာပေးဆွေးနွေး



ညောင်လေးပင် ဖေဖော်ဝါရီ ၂၉

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ညောင်လေးပင်မြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာ ဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီက ညောင်လေးပင်မြို့ အာဇာနည်လမ်းရှိ သီရိရတနာခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပဲခူးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးတင်ဦးနှင့် ဥပဒေချုပ် ဦးခင်မောင်တင့်တို့က ပြည်သူ့စစ်မှုထမ်း ဥပဒေဆိုင်ရာ သိကောင်းစရာများနှင့် ပတ်သက်၍ ပြည်သူ့စစ်မှုထမ်းဥပဒေ၏ ရည်ရွယ်ချက်များ၊ စစ်မှုထမ်းရမည့် အသက်အရွယ် အပိုင်းအခြား၊ စစ်မှုထမ်းဆောင်ရမည့် ကာလ၊ စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ရမည့်သူများ၊ စစ်မှုထမ်းဆောင်ခြင်းမှ ယာယီရွှေ့ဆိုင်းခွင့် ရနိုင်သူများ၊ ပြည်သူ့စစ်မှုထမ်းဥပဒေအရ ရရှိနိုင်မည့် အခွင့်အရေးများ၊ စစ်မှုထမ်းခြင်းမှ ရှောင်လွှဲပါက ကျသင့်မည့်ပြစ်ဒဏ်များ၊ ပြည်သူ့စစ်မှုထမ်းတို့၏ ခံစားခွင့်များ၊ ပြည်သူ့စစ်မှုထမ်းဥပဒေများနှင့် ပတ်သက်၍ ဆက်လက်ဆောင်ရွက်မည့် အစီအမံများ ရှင်းလင်းပြောကြားကာ ကောလာဟလ လုပ်ကြံသတင်းများ မယုံကြရန် ဆွေးနွေးပြောကြားပြီးနောက် တက်ရောက်လာသူများက သိလိုသည်များ ဆက်လက်မေးမြန်းရာ ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြည်သူ့စစ်မှုထမ်းဆိုင်ရာ သိကောင်းစရာ သတင်းစကား လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်( ပြန်/ဆက်)**

# သောကအပူငြိမ်းလို့ရယ် စစ်မှုထမ်းကြမယ် ...

••••••••••• **မချိုးဖြူ** •••••••••••

**မိငယ်လေး**။ ။ မမကြီးရေ မမကြီး။ ညီမလေးတော့ မယ်သီလရှင်ဝတ်ရတော့မလား။ ယောက်ျားပဲယူရမလား။ ဘာလုပ်ရမလဲ မသိတော့ဘူး။ အခုတက်နေတဲ့ သင်တန်းလည်း ပြီးအောင် ဆက်တက်ချင်သေးတယ်။ ကျောင်းကလည်း မပြီးသေးဘူး။ ကိုဗစ်ရောဂါတွေဖြစ်တာရော၊ နိုင်ငံရေးရောနဲ့ ကျောင်းကနားရသေးတယ်။ အခုလည်း စစ်မှုထမ်းရဦးမယ်ဆိုရင် မိငယ်လေး ကျောင်းရော ပြီးပါဦးမလားမသိဘူး။ တစ်ခုခုတော့ လုပ်မှဖြစ်တော့မယ်။

**မမကြီး**။ ။ ဘာဖြစ်လို့လဲ မိငယ်လေးရယ်။ မထိတ်သာ မလန့်သာရှိလိုက်တာ။

**မိငယ်လေး**။ ။ ဘာဖြစ်ရမလဲ မမကြီးရဲ့။ ဖေ့စ်ဘွတ်ပေါ်မှာ တင်ထားတယ်။ သမီးတို့တွေ စစ်မှုထမ်းရတော့မှာတဲ့။ စစ်တိုက်ရတော့မှာလားမသိဘူး။ ကြောက်လည်းကြောက်။ စိတ်လည်းညစ်ပါတယ် မမကြီးရယ်။

**ဆွေဆွေ**။ ။ ဟုတ်တယ်၊ ဟုတ်တယ် မမကြီး။ ဆွေဆွေလည်း မနက်က ကြားခဲ့တယ်။ ဈေးထဲက မုန့်ဟင်းခါးဆိုင်မှာ ပြောနေကြတာ။ ဆွေဆွေလည်း ပြောပြမလို့ပဲ။ ဆွေဆွေလည်း စစ်တိုက်သွားရတော့မလား မသိဘူး။ အိမ်ကအမေနဲ့ မောင်လေးကို ဘယ်လိုလုပ်ရမလဲ။ ဒုက္ခတွေတော့ရောက်ကုန်ပါပြီ မမကြီးရယ်။ အခု စစ်ပွဲတွေဖြစ်နေတဲ့နေရာကို ပို့မှာတဲ့။

**မေမေ**။ ။ သမီးကြီးရေ၊ ညည်းညီမတွေကို ရှင်းပြလိုက်ဦးဟေ့။ မေမေကတော့ သမီးလို လိပ်ပတ်လည်အောင် မရှင်းတတ်ဘူး။ မေမေကတော့ သမီးကြီး မနေ့က ရှင်းပြလို့ နည်းနည်းစိတ်အေးသွားပြီ။ ဒီမီးဖိုချောင်ကိစ္စတွေ မေမေ ဆက်လုပ်လိုက်မယ်။ သွားသွား။

ရှုံးပိတ်ရက် အိမ်မှုကိစ္စတွေ ဝင်ကူနေတဲ့ ကျွန်မဆီကို ညီမလေးရဲ့ စိုးရိမ်တကြီးအသံနဲ့အတူ အိမ်အကူကောင်မလေး ဆွေဆွေရဲ့ ထောက်ခံစိုးရိမ်သံတွေကြောင့် လုပ်လက်စအလုပ်တွေ လက်စသတ်ပြီး ထမင်းစား စားပွဲမှာဝင်ထိုင်ကာ သူတို့ကြားခဲ့တဲ့ ကောလာဟလတွေ အကြောင်းကို ရှင်းလင်းခန်းဖွင့်ရပါတော့တယ်။

**မမကြီး**။ ။ ကဲ မိငယ်လေးနဲ့ ဆွေဆွေကို မမကြီး ရှင်းပြမယ်။ အရင်ဆုံးညီမလေးတို့အသက်တွေကဘယ်လောက်ရှိပြီလဲ။

**ဆွေဆွေ**။ ။ ၂၀ ပါ မမကြီး။

**မိငယ်လေး**။ ။ ၂၃ နှစ်ပါ မမကြီး။

**မမကြီး**။ ။ အေး။ စစ်မှုထမ်းရမယ့် အသက်ထဲတော့ အကျုံးဝင်တာပေါ့။

စစ်မှုထမ်းရမယ့်အသက်က အမျိုးသားဆို အသက် ၁၈ နှစ်ကနေ ၃၅ နှစ်အထိ၊ အမျိုးသမီးဆို အသက် ၁၈ နှစ်ကနေ ၂၇ နှစ်အထိ။ နောက်ပြီး ပညာရှင်ဆို အမျိုးသားက ၄၅ နှစ်အထိ၊ အမျိုးသမီးက ၃၅ နှစ်အထိ ထမ်းဆောင်ရမှာဆိုတော့။ **ဒါပေမယ့် လတ်တလောမှာ အမျိုးသမီးတွေကို စစ်မှုထမ်းဆောင်ဖို့ခေါ်ယူဖို့ အစီအစဉ်မရှိသေးဘူးလို့ ပြောထားတာရှိတယ်။ မမ ဆက်ပြောမှာက အမျိုးသားတွေအတွက်ရော၊ လတ်တလောကာလနောက်ပိုင်း နောင်ဖြစ်လာမယ့် အမျိုးသမီးတွေပါ အကျုံးဝင်လာမယ့်အချိန် သိထားသင့်တာတွေရော ပြောပြမှာဖြစ်တယ်။**

စစ်မှုထမ်းဥပဒေက အခုမှအတည်ပြုတာ။ အဲဒီနောက်မှာ နည်းဥပဒေတွေ၊ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့တွေ၊ သင်တန်းပေးမယ့်နေရာတွေ၊ သင်တန်းစရိတ်စကတွေအတွက် ပြင်ဆင်စရာတွေမှ အများကြီးပဲ။ အချိန်အတိုင်းအတာတစ်ခုအထိတော့ စောင့်ရဦးမှာပါ။ စစ်မှုထမ်းရမှာက နှစ်နှစ် (၂၄ လ)၊ ကျွမ်းကျင်ပညာရှင်ဆိုရင် ၃ နှစ် (၃၆ လ)အထိ ကြာမှာလေ။

နောက်ပြီး စစ်မှုထမ်းရမယ်ဆိုဦးတော့ တစ်နိုင်ငံလုံးက ရှိရှိသမျှ အကျုံးဝင်တဲ့သူအကုန်လုံးကို တစ်ပြိုင်တည်း တာဝန်ထမ်းဆောင်ခိုင်းလို့မှမရတာ။ မမတို့ တစ်နိုင်ငံလုံးမှာ ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ စစ်မှုထမ်းဖို့အကျုံးဝင်တဲ့ လူဦးရေက အနည်းဆုံး ၁၃ သန်းရှိတယ်။ အမျိုးသား ၆ ဒသမ ၃ သန်းနဲ့ အမျိုးသမီး ၇ ဒသမ ၇ သန်းရှိတယ်။ အဲဒီအထဲကမှ အမျိုးသားအရေအတွက် ၆ ဒသမ ၃ သန်းထဲကမှ တစ်နှစ်ကို အခု စခေါ်မှာက ငါးသောင်းထက်မပိုဘူး။ မမတို့နိုင်ငံမှာ ရပ်ကွက်/ ကျေးရွာပေါင်းက ၆၀၀၀၀ ကျော်ရှိတယ်။ အဲဒီတော့ တစ်ရွာမှာတစ်ယောက်၊ နှစ်ယောက်၊ တစ်ရပ်ကွက်မှ တစ်ယောက်၊ နှစ်ယောက်ထက် မပိုပါဘူးကွယ်။

**မိငယ်လေး**။ ။ ဘာလို့ တစ်နှစ်ကို ငါးသောင်းပဲခေါ်တာလဲ။

**မမကြီး**။ ။ ဘာလို့လဲဆိုတော့ စစ်မှုထမ်းတယ်ဆိုတိုင်း ရှေ့တန်းမှာ စစ်တိုက်ထွက်ခိုင်းမှာ မဟုတ်ဘူးဆိုတာကို ပထမဆုံးမှတ်ထား။ ပြီးတော့ စစ်မှုထမ်းတဲ့သူတိုင်းကိုလည်း ရှော့သေနတ်၊ ရှော့ကျည်။ သွား - ရှေ့တန်းကို စစ်သွားတိုက်ချည်ဆိုပြီး မလွှတ်ပါဘူး။ **စစ်ပညာသင်တန်းတွေ တက်ရဦးမယ်။** နောက်ပြီး ပညာအရည်အချင်း အဆင့်အလိုက်၊ ကျွမ်းကျင်မှုအဆင့်အလိုက် လစာ၊ ရိက္ခာနဲ့ ခံစားခွင့်အားလုံးပေးရမှာ။

လေ့ကျင့်တဲ့အခါ တပ်မတော်သားတွေ တတ်သင့်တတ်ထိုက်တဲ့ နိုင်ငံတော်ကာကွယ်ရေးပညာရပ်တွေ အားလုံးအချိန်ပေးပြီး သေချာသင်ပေးဦးမှာ။ အဲဒီလို လေ့ကျင့်မှုတွေပြီးသွားမှ အဆင့်အလိုက်၊ အရည်အချင်းအလိုက်၊ အတွေ့အကြုံအလိုက်နဲ့ ရာထူးအလိုက် တာဝန်ထမ်းဆောင်စေမှာပါကွယ်။ ဒါကြောင့် အကျုံးဝင်တဲ့သူတိုင်း စစ်မှုထမ်းရမှာမဟုတ်ဘဲ စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့ကနေ ဆင့်ခေါ်ခံရရင်တောင်မှ လိုအပ်တဲ့ စိစစ်မှုတွေ၊ ဆေးစစ်ချက်တွေ အကုန်လုပ်ပြီးမှ သင့်တော်တဲ့သူကို ရွေးခေါ်မှာ။ **အမျိုးသမီးတွေကို လတ်တလော စစ်မှုထမ်းခေါ်ယူဖို့ အစီအစဉ်မရှိသေးဘူးဆိုတာထားတော့။ နောက်ပိုင်း အကျုံးဝင်လာတဲ့အချိန်မှာတောင် အမျိုးသမီးတွေကိုခေါ်ဖို့ အခွင့်အရေးကလည်း အမျိုးသားတွေထက် နည်းပါတယ်ကွယ်။**

**ဆွေဆွေ**။ ။ ဩော်...ဒီလိုလား။ ဒါနဲ့ ဆွေဆွေကလေ အမေကလည်း ကျန်းမာရေးမကောင်းတာ မမကြီးတို့အသိပဲ။ မောင်လေးကလည်း ကျောင်းနေတုန်းဆိုတော့ ဆွေဆွေအလှည့်များ တကယ်လို့ရောက်ရင် ဘယ်လိုလုပ်မလဲဟင်။

**မိငယ်လေး**။ ။ ဟုတ်တယ်။ မိငယ်လေးလည်း ကျောင်းပြီးအောင် တက်ချင်သေးတယ်။

**မမကြီး**။ ။ **အမျိုးသမီးတွေကို လတ်တလော စစ်မှုထမ်းမခေါ်သေးဘူးမို့ ဆွေဆွေရော၊ မိငယ်လေးရော အခု ဒါကို စိတ်ပူနေစရာမလိုဘူး။ မောင်လေးအတွက် စဉ်းစားကြည့်ရင်လည်း** ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့ကနေ ဆင့်ခေါ်ခံရရင်တောင်မှ ဆင့်ခေါ်ခံရသူတွေရဲ့ လျှောက်လွှာတွေကို စိစစ်ပြီး စစ်မှုထမ်းရမယ့် တာဝန်ကနေ ယာယီရွှေ့ဆိုင်းလို့ရမယ့် အကြောင်းအချက်လေးတွေ ရှိတယ်။ အဲဒါတွေကတော့ ဆေးစစ်ရေးဘုတ်အဖွဲ့ကနေပြီး ကျန်းမာရေးအဆင့်မမီဘူးလို့ ထောက်ခံချက်ရရှိထားတဲ့သူ၊ နိုင်ငံ့ဝန်ထမ်းတွေ၊ ပညာသင်ကြားနေတဲ့သူတွေ၊ အခြားပြုစုစောင့်ရှောက်မယ့်သူမရှိတဲ့ မိအိုဖအိုတွေကို လုပ်ကျွေးနေရတဲ့သူ၊ မူးယစ်ဆေးဖြတ်ဖို့ ဆေးကုသမှုခံယူနေတဲ့သူ၊ ထောင်ဒဏ်ကျခံနေသူတွေကတော့ ယာယီရွှေ့ဆိုင်းခွင့်ရမှာပါ။

**မိငယ်လေး**။ ။ ဒါဆိုမိငယ်လေးတို့က ရွှေ့ဆိုင်းလို့ရတယ်ပေါ့နော်။

**မမကြီး**။ ။ အေး ဒါပေမယ့် ယာယီရွှေ့ဆိုင်းတာဖြစ်လို့ နောင်

> **"စစ်မှုထမ်းရမယ်ဆိုဦးတော့ တစ်နိုင်ငံလုံးက ရှိရှိသမျှ အကျုံးဝင်တဲ့သူအကုန်လုံးကို တစ်ပြိုင်တည်း တာဝန်ထမ်းဆောင်ခိုင်းလို့မှမရတာ။ အမျိုးသား ၆ ဒသမ ၃ သန်းနဲ့ အမျိုးသမီး ၇ ဒသမ ၇ သန်းရှိတယ်။ အဲဒီအထဲကမှ အမျိုးသားအရေအတွက် ၆ ဒသမ ၃ သန်းထဲကမှ တစ်နှစ်ကို အခုစခေါ်မှာက ငါးသောင်းထက် မပိုဘူး။ မမတို့နိုင်ငံမှာ ရပ်ကွက် / ကျေးရွာပေါင်းက ၆၀၀၀၀ ကျော်ရှိတယ်။ အဲဒီတော့ တစ်ရွာမှာ တစ်ယောက်၊ နှစ်ယောက်၊ တစ်ရပ်ကွက်မှ တစ်ယောက်၊ နှစ်ယောက်ထက် မပိုပါဘူးကွယ်"**

တစ်ချိန်ကျ သတ်မှတ်ထားတဲ့ အသက်အရွယ်ကျော်ရင်တောင်မှ အလှည့်ကျရင် တာဝန်ထမ်းဆောင်ရမှာနော်။

**မိငယ်လေး**။ ။ ဟင်... ဒါပေမယ့် ရှေ့ကသူတွေသွားတာ
**+ဆွေဆွေ** ကြည့်ပြီး ပြင်ဆင်လို့တော့ ရသွားတာပေါ့။

**မိငယ်လေး**။ ။ ဒါနဲ့ အခုအချိန်ကျမှ ဒီဥပဒေတွေ ဘာလို့ အတည်ပြုရတာလဲ။

**မမကြီး**။ ။ ဘာဖြစ်လို့လဲဆိုတော့ လိုအပ်လို့ပေါ့။ ကမ္ဘာမှာရော၊ အိမ်နီးချင်းနိုင်ငံတွေမှာပါ ဒီစစ်မှုထမ်းဥပဒေပြဋ္ဌာန်းဆောင်ရွက်နေတာ ကြာလှပေါ့။ စင်ကာပူတို့၊ မလေးရှားတို့၊ ထိုင်းတို့၊ လာအိုတို့မှာလည်း စစ်မှုထမ်းဥပဒေဆိုတာရှိတယ်။ လက်ရှိလည်း ကျင့်သုံးနေတယ်လေ။ နောက်ပြီး ညည်းတို့ အင်မတန်သည်းသည်းလှုပ်နေတဲ့ K-pop အဖွဲ့တွေရဲ့ ကိုရီးယားနိုင်ငံမှာလည်း ရှိတာပဲ။ သူတို့ Fan တွေဆိုရင် **အနုပညာရှင်တွေ စစ်မှုသွားထမ်းပြီဆိုရင်** ကဲကဲသဲသဲတွေတောင် လိုက်နှုတ်ဆက်ကြ၊ တွေ့ကြ၊ ပန်းစည်းတွေ၊ စားစရာတွေပေးကြ လွမ်းကြတာ။ အဲဒါတွေကျတော့ လိုက်ခံစားပြီး ကိုယ့်အလှည့်ရောက်မှ ခေါင်းမရှောင်သင့်ပါဘူးအေ။ ညီမလေးတို့ သွားရရင်တောင် မေမေနဲ့ မမက ရေဒီယိုကနေလည်း သီချင်းတွေတောင်း၊ ဆုတောင်းစကားတွေလည်း ပြောပေးမယ်။ စားစရာသောက်စရာတွေလည်း ပို့ပေးဦးမှာ။ **ပြီးတော့ ဒါက ရေရှည်ဆောင်ရွက်သွားမယ့်ဥပဒေဖြစ်တယ်။ အခု အစိုးရလက်ထက်တင်မကဘူး၊ နောင်အစိုးရအဆက်ဆက် ဆက်လက်အကောင်အထည်ဖော်သွားမယ့် ဥပဒေဖြစ်တယ်။ ဒါကြောင့် အခုမှ အစမို့ရယ်၊ ပြင်ပကနေ မဟုတ်မမှန်လုပ်ကြံတာတွေ၊ အန္တရာယ်သိပ်ရှိတဲ့ နည်းနည်းပဲသိပြီး ကိုယ့်ဦးနှောက်ကို အကျိုးရှိရှိ အသုံးမချတဲ့သူတွေရယ်ကြောင့် ကောလာဟလမျိုးစုံပြန့်ပြီး သတင်းအမှားတွေအပေါ် စိုးရိမ်မှုတွေ၊ စိတ်ပူတာတွေဖြစ်နေကြတာပါ ညီမလေးတို့။**

**ဆွေဆွေ**။ ။ အခု စစ်မှုထမ်းဥပဒေပြဋ္ဌာန်းလိုက်တော့ ဘာအကျိုးတွေရမှာလဲ၊ ဘာလို့ စစ်မှုထမ်းဥပဒေဆိုတာ ရှိတာလဲဟင်။

**မမကြီး**။ ။ ဟုတ်တာပေါ့။ ဒါသိသင့်တာပေါ့။ အရင်ဆုံးတစ်ခု ပြောချင်တာက ကိုယ့်မိသားစုကို ကာကွယ်ဖို့ ဘယ်သူ့မှာတာဝန်ရှိလဲ။

**မိငယ်လေး**။ ။ ကိုယ့်မိသားစုကို ကိုယ်ကာကွယ်ရမှာပေါ့။
**+ဆွေဆွေ**

**မမကြီး**။ ။ ဟုတ်တာပေါ့။ ကိုယ့်မိသားစုကို ကာကွယ်ဖို့ မိသားစုတိုင်းမှာ တာဝန်ရှိသလို ကိုယ့်ပြည်ထောင်စုကို ကာကွယ်ဖို့လည်း နိုင်ငံသားတိုင်းမှာ တာဝန်ရှိတယ်။ နောက်ပြီး ဥပဒေပြဋ္ဌာန်းရခြင်းရဲ့ ရည်ရွယ်ချက်ကလည်း တို့တာဝန်အရေးသုံးပါးဖြစ်တဲ့ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုတာတွေကို စောင့်ထိန်းဖို့ တိုင်းရင်းသားအားလုံးမှာ တာဝန်ရှိတာကြောင့် အဲဒီတာဝန်တွေကို ထမ်းဆောင်ဖို့၊ စစ်ပညာသင်ကြားဖို့နဲ့ နိုင်ငံတော်ကာကွယ်ရေးအတွက်

*စာမျက်နှာ ၁၁ သို့*

> **"ကိုယ့်မိသားစုကိုကာကွယ်ဖို့ မိသားစုတိုင်းမှာ တာဝန်ရှိသလို ကိုယ့်ပြည်ထောင်စုကို ကာကွယ်ဖို့လည်း နိုင်ငံသားတိုင်းမှာ တာဝန်ရှိတယ်။ နောက်ပြီး ဥပဒေပြဋ္ဌာန်းရခြင်းရဲ့ ရည်ရွယ်ချက်ကလည်း တို့တာဝန်အရေးသုံးပါးဖြစ်တဲ့ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုတာတွေကို စောင့်ထိန်းဖို့ တိုင်းရင်းသားအားလုံးမှာ တာဝန်ရှိတာကြောင့် အဲဒီတာဝန်တွေကို ထမ်းဆောင်ဖို့၊ စစ်ပညာသင်ကြားဖို့နဲ့ နိုင်ငံတော်ကာကွယ်ရေးအတွက် လိုအပ်ရင် စစ်မှုထမ်းဆောင်နိုင်ဖို့ ဒီဥပဒေကို ပြဋ္ဌာန်းခဲ့တာပဲ"**

# တနင်္သာရီတိုင်းဒေသကြီး ရဲတပ်ဖွဲ့ဝင်များ၏ လက်နက်ငယ်ကျွမ်းကျင်မှုပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ထားဝယ် ဖေဖော်ဝါရီ ၂၉**

တနင်္သာရီတိုင်းဒေသကြီး ရဲတပ်ဖွဲ့ဝင်နှင့် မိသားစုဝင်များ၏ လက်နက်ငယ်ကျွမ်းကျင်မှုပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ထားဝယ်မြို့ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး ရဲဇာနည်ခန်းမ၌ ဖေဖော်ဝါရီ ၂၈ ရက်က ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုနှင့်ဝန်ကြီးများ၊ ဒုတိယတိုင်းမှူး၊ ထားဝယ်တပ်နယ်မှူးနှင့် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်မှ အရာရှိကြီးများက ပြိုင်ပွဲဝင်အသင်းများ၏ လက်နက်ငယ်ငါးမျိုးဖြုတ်ခြင်း၊ တပ်ခြင်းယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးပြီး တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမြင့်ထွန်းက ပြိုင်ပွဲကျင်းပသည့် ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တပ်ဖွဲ့ဝင်များ၏ နေရာထိုင်ခင်း၊ အစားအသောက်များကို ကြည့်ရှုစစ်ဆေးပြီး ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး အောင်မျိုးထွန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများက လက်နက်ငယ်ကျွမ်းကျင်မှုပြိုင်ပွဲတွင် တစ်ဦးချင်း (ပထမ၊ ဒုတိယ၊ တတိယ)ဆုရရှိသည့် တပ်ဖွဲ့ဝင်နှင့် မိသားစုဝင်များအားလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်နက်ငယ်ကျွမ်းကျင်မှုပြိုင်ပွဲတွင် လက်နက်အမျိုးအစားအလိုက် တံခွန်စိုက်ဆုရရှိသည့် အသင်းများအား တံခွန်စိုက်ဆုကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**



## မြို့နယ်များ၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာသိကောင်းစရာများ အသိပညာပေး

**နိုင်ငံတစ်ဝန်းရှိ မြို့နယ်များမှ ဒေသခံပြည်သူများ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာများနှင့် စပ်လျဉ်း၍ သိရှိသဘောပေါက် နားလည်စေရန်နှင့် ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်စေရန်အတွက် ဟောပြောပွဲများ ကျင်းပနေမှုကို စုစည်းဖော်ပြအပ်ပါသည်-**

### ညောင်ရွှေ

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးချုပ်မှ စီစဉ်ထုတ်ဝေသည့် ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာ သတင်းစကား လက်ကမ်းစာစောင်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညောင်ရွှေမြို့နယ်ရုံးမှ ဝန်ထမ်းများက ဖေဖော်ဝါရီ ၂၉ ရက်တွင် ဖြန့်ဝေပေးခဲ့ကြသည်။

အဆိုပါ သတင်းစကား လက်ကမ်းစာစောင်တွင် ၁၉၄၇ ခုနှစ် ပြည်သူ့အစည်းအဝေးကြီး၌ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် မိန့်ခွန်း၊ ပြည်သူ့စစ်မှုထမ်းဥပဒေရည်ရွယ်ချက်၊ ပြည်သူ့စစ်မှုထမ်းတို့၏ ခံစားခွင့်များ၊ စစ်မှုထမ်းရမည့် အသက်အရွယ်၊ ပြည်သူ့စစ်မှုထမ်းကာလ၊ ဘာကြောင့် ပြည်သူ့စစ်မှုထမ်းစနစ် ကျင့်သုံးရတာလဲ၊ အမျိုးသားရေးတာဝန် စသည့် အချက်အလက်များ ထည့်သွင်းဖော်ပြထားပြီး ညောင်ရွှေမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများနှင့် ပြည်သူများထံသို့ လက်ကမ်းစာစောင် စောင်ရေ ၃၂၀ ကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **စိုင်းအယ်ဘဲ**



### ပေါက်ခေါင်း

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေအကြောင်း သိကောင်းစရာ ရှင်းလင်းဆွေးနွေးပွဲကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၂၉ ရက်က ပြုလုပ်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးသူမောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် စာရေးဝန်ထမ်းများ တက်ရောက်ကြပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ပြည်သူ့စစ်မှုထမ်းဥပဒေ ပြဋ္ဌာန်းရခြင်း၏ ရည်ရွယ်ချက်များ၊ စစ်မှုထမ်းရမည့် အသက်အပိုင်းအခြား၊ စစ်မှုထမ်းရန်ကာလ၊ ပြည်သူ့စစ်မှုထမ်းတို့၏ ခံစားခွင့်များ၊ ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ၊ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့် ပြစ်မှုပြစ်ဒဏ်များစသည့် အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးပြီး ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာသိကောင်းစရာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။ **သန်းထွန်းအောင်(ပြန်/ဆက်)**



### စဥ့်ကိုင်

မန္တလေးတိုင်းဒေသကြီး စဥ့်ကိုင်မြို့နယ် တအုံကျေးရွာရှိ ကွန်ပျူတာတက္ကသိုလ် (မန္တလေး)၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာများ ရှင်းလင်းဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၈ ရက်က တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးပြည့်ဖြိုးအောင်နှင့် အဖွဲ့ဝင်များ၊ ကွန်ပျူတာတက္ကသိုလ်(မန္တလေး)မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာစန်းစန်းတင့်နှင့် ပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ၊ ကထိကများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ပြီး တာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်းဥပဒေ ပြဋ္ဌာန်းရခြင်း၏ ရည်ရွယ်ချက်များ၊ ဥပဒေဆိုင်ရာအကြောင်းအရာများ၊ စစ်မှုထမ်းရမည့် အသက်အရွယ်နှင့် ကြာမြင့်မည့်အချိန်ကာလ၊ စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသည့်အချက်များ၊ ပြည်သူ့စစ်မှုထမ်းခြင်းမှ ရှောင်လွှဲပါက ကျခံရမည့်ပြစ်ဒဏ်များ၊ ပြည်သူ့စစ်မှုထမ်းများ၏ အကျိုးခံစားခွင့်များ၊ ကော်မတီများ ဖွဲ့စည်းထားရှိမှုအခြေအနေ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ ထုတ်ပြန်ကြေညာချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းလွင်က ၅၀၅(က) ဆက်သွယ်ရေးဥပဒေနှင့် အီလက်ထရောနစ်ဆိုင်ရာ ဥပဒေများအကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ **ကျော်စွာ (စဥ့်ကိုင်)**



### နေပြည်တော်

ပြည်ထောင်စုနယ်မြေ ဒက္ခိဏသီရိမြို့နယ်၌ ပြည်သူ့စစ်မှုထမ်း ဥပဒေဆိုင်ရာသိကောင်းစရာများ ရှင်းလင်းဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၈ ရက်က ဒက္ခိဏသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ လယ်ဝေးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇင်မင်းကိုနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာများမှ ပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့က အဖွင့်အမှာစကားပြောကြားပြီး လယ်ဝေးခရိုင်စီမံ အုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး နီဦးခဲက ပြည်သူ့စစ်မှုထမ်းဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ပြည်သူ့စစ်မှုထမ်းဥပဒေ၏ ရည်ရွယ်ချက်များ၊ စစ်မှုထမ်းစနစ် ကျင့်သုံးရသည့် အကြောင်းအရင်းများ၊ ပြည်သူ့စစ်မှုထမ်းတို့၏ အကျိုးခံစားခွင့်များ၊ စစ်မှုထမ်းရမည့် အသက်အရွယ်၊ ပြည်သူ့စစ်မှုထမ်းရန်ကာလ၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့်ပတ်သက်၍ သိကောင်းစရာများ၊ လူမှုကွန်ရက်စာမျက်နှာများဖြစ်သည့် Facebook၊ Telegram များမှ မဟုတ်မမှန်သတင်းမှားများမယုံကြည်ကြရန် စသည်တို့ကို အခမ်းအနားသို့ တက်ရောက်လာသူများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **မျိုးသီဟ(ပြန်/ဆက်)**



*စာမျက်နှာ ၁၀ မှ*

လိုအပ်ရင် စစ်မှုထမ်းဆောင်နိုင်ဖို့ ဒီဥပဒေကို ပြဋ္ဌာန်းခဲ့တာပဲ။

အကျိုးကျေးဇူးတွေအနေနဲ့ကတော့ စည်းကမ်းတကျ လုပ်တတ်ကိုင်တတ်လာမယ်၊ အဖွဲ့အစည်းနဲ့ လုပ်ကိုင်တတ်လာမယ်။ ကိုယ့်ကိုယ်ကိုယ်နဲ့ ကိုယ့်အဖွဲ့အစည်း၊ ကိုယ့်တိုင်းပြည်ကို ကာကွယ်တတ်လာမယ်။ ယူတတ်ရင်တော့ အများကြီးပါပဲကွယ်။ အဓိကကတော့ ကိုယ့်တိုင်းပြည်အတွက် အရေးကြုံရင် စစ်မှုထမ်းဖို့ အသင့်ရှိနေနိုင်တာပေါ့။

**မိငယ်လေး**။ ။ ဒီလိုဆိုတော့လည်း မဆိုးပါဘူးနော် ဆွေဆွေ။

**မမကြီး**။ ။ ဟုတ်ပါပြီ ဒီလောက်ဆိုရင် ညီမလေးတို့ စိုးရိမ်တာလေးလည်း နည်းနည်းလျော့လောက်ရောပေါ့။ သီလရှင်လည်း ဝတ်စရာမလိုဘူး။ ယောကျ်ားလည်း ယူစရာမလိုဘူး။ ဟုတ်ပြီလား။ တော်ကြာ စစ်မှုထမ်းတာက နှစ်နှစ်ဆို ပြီးသွားမှာ။ အိမ်ထောင်ပြုလိုက်မှ တစ်သက်လုံး ပြန်အမ်းလို့မရတော့ဘူးဟေ့။

**မိငယ်လေး**။ ။ ဒါနဲ့ မမကြီးက ဒါတွေ ဘယ်လိုသိတာလဲ။

**မမကြီး**။ ။ ဩော်-ညည်းတို့ကသာ ဖေ့စ်ဘွတ်တွေ၊ ဘာတွေကို ကြည့်။ လိုင်းပေါ်မှာ တင်ထားတာကို ကမ္ဘာကြီးထင်နေတာကိုး။ တီဗွီလေးလည်းကြည့်၊ သတင်းလေး ဘာလေးလည်း နားထောင်ဦးပေါ့အေ။ တစ်နေကုန် ဖုန်းတစ်လုံးနဲ့ ဘဝကြီးလုပ်မနေနဲ့ဦး။ တကယ့်ကမ္ဘာကြီးက အပြင်ဘက်မှာ သူ့ဘာသာသူ ပုံမှန်လည်ပတ်နေတာဟေ့။

**မေမေ**။ ။ ကဲကဲ ဒီညီအစ်မတွေ နားကြဦး။ မေမေလည်း ဟင်းတွေအကုန်ကျက်ပြီ။ နေ့လယ်စာစားကြစို့ရဲ့။ သမီးကြီးရေ အစာပိတ်လေးစားဖို့ လက်ဖက်သုပ်လေးထဲကို ငါးခြောက်ဖုတ်လေး ထည့်ဦးနော်။

ဟုတ်ကဲ့ပါ မေမေ။ ။

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းကြိုးပမ်းရန်လိုအပ်



မုံရွာ ဖေဖော်ဝါရီ ၂၉

**စစ်ကိုင်းတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ(၂/၂၀၂၄) အစည်းအဝေးကို ဖေဖော်ဝါရီ ၂၈ ရက်က မုံရွာမြို့ရှိ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် ကော်မတီဝင်များ၊ ဟိုတယ်/တည်းခိုရိပ်သာ လုပ်ငန်းရှင်များ တက်ရောက်ကြသည်။**

တိုင်းဒေသကြီး ဝန်ကြီးချုပ်က စစ်ကိုင်းတိုင်းဒေသကြီးသည် သွားလာလည်ပတ်စရာ ရေ၊ မြေ၊ တောတောင်၊ သဘာဝအလှအပများ၊ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များနှင့် စိတ်ဝင်စားစရာ ခရီးစဉ်ဒေသအများအပြားရှိကြောင်း၊ ယင်းသဘာဝအရင်းအမြစ်များကို ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်၍ ဖော်ထုတ်ကြော်ငြာသည့်လုပ်ငန်းများ လုပ်နိုင်မည်ဆိုပါက ခရီးသွားလုပ်ငန်းဆိုင်ရာ ဆက်စပ်လုပ်ငန်းများဖြစ်သည့် ဟိုတယ်/တည်းခိုရိပ်သာ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများနှင့် ဒေသထွက်ကုန်အရောင်းဆိုင်များအပါအဝင် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အတွက် ဒေသဆိုင်ရာခရီးသွားလုပ်ငန်း ကော်မတီဝင်များနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များက အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ပြည်တွင်းပြည်ပခရီးသွားများ အဆင်ပြေစေရန် မုံရွာလေဆိပ်အဝင်အထွက် ဝန်ဆောင်မှုကောင်းမွန်ရေးအတွက် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်ကို နမူနာယူပြီး လိုအပ်သည်များကို အတတ်နိုင်ဆုံးဖြည့်ဆည်းစီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီဝင်များနှင့် ပုဂ္ဂလိက ခရီးသွားလုပ်ငန်းကိုယ်စားလှယ်များ၊ ခရီးသွားနှင့်ဆက်စပ်သည့် ဌာနဆိုင်ရာများအနေဖြင့် တိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။**(ယာပုံ)**

ယင်းနောက် ကော်မတီဒုတိယဥက္ကဋ္ဌ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဒေါ်ရီရီသန်းက ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းဆိုင်ရာများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကော်မတီအတွင်းရေးမှူး တိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှူး ဦးမြင့်စိန်က (၁/၂၀၂၄) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှုနှင့် ဆောင်ရွက်ဆဲအခြေအနေများ၊ ယခုအစည်းအဝေးတွင် ဆုံးဖြတ်အတည်ပြုပေးရမည့် ကိစ္စရပ်များနှင့် တိုင်းဒေသကြီးအတွင်း ခရီးသွားဝင်ရောက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးတက်ရောက်လာသူများနှင့် ဟိုတယ်လုပ်ငန်းရှင်များက တိုင်းဒေသကြီးအတွင်း ဒေသဆိုင်ရာခရီးသွားလုပ်ငန်းဆိုင်ရာကိစ္စရပ်များ၊ ခရီးသွားဝင်ရောက်မှု၊ ခရီးသွားဒေသများ ပတ်ဝန်းကျင်တွင် သန့်ရှင်းသာယာလှပရေးဆောင်ရွက်နေမှု၊ လမ်းပန်းဆက်သွယ်ရေး၊ လုံခြုံရေးအခြေအနေများနှင့်ပတ်သက်၍ အကြံပြုဆွေးနွေးတင်ပြကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပြင်ဦးလွင်မြို့ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသော လူနာများအား အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်း



**နေပြည်တော် ဖေဖော်ဝါရီ ၂၉**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တို့မှ ပြင်ဦးလွင်မြို့ နယ်မြေခံ တပ်မတော်ဆေးရုံ၌ တက်ရောက် ဆေးကုသမှုခံယူနေသော လူနာများအား အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းတွင် အဆိုပါမြို့ရှိ နယ်မြေခံ တပ်မတော်ဆေးရုံ အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကြည်ခိုင်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**စားသောက်ဖွယ်ရာများပေးအပ်**

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က နယ်မြေခံ တပ်မတော် ဆေးရုံတွင် တက်ရောက် ဆေးကုသမှုခံယူနေသော လူနာများအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းစစ်ဌာနချုပ်တို့မှ လှူဒါန်းသော ငွေကျပ်သိန်း ၁၄၀ တန်ဖိုးရှိ အာဟာရဖြည့် စားသောက် ဖွယ်ရာများကို ပေးအပ်ရာ နယ်မြေခံတပ်မတော်ဆေးရုံမှ တာဝန်ရှိသူတစ်ဦးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## လူမဲ့တန်ဆာဖြင့် မူးယစ်ဆေးဝါးနှင့် လက်နက်ခဲယမ်းများ သယ်ဆောင်မှုမရှိစေရေး ပညာပေးဆွေးနွေး

မြဝတီ ဖေဖော်ဝါရီ ၂၉

ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းရှိ အဝေးပြေးမော်တော်ယာဉ်ဂိတ်များတွင် လူမဲ့တန်ဆာဖြင့် မူးယစ်ဆေးဝါးနှင့် လက်နက်ခဲယမ်းများ သယ်ဆောင်မှုမရှိစေရေးအတွက် အသိပညာပေးဆွေးနွေးပွဲကို မြဝတီခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၂၈ ရက်က ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းက အမှာစကားပြောကြားပြီး ခရိုင်မီးသတ်ဦးစီးဌာနမှူး ဦးဖြိုးမင်းဇော်က မော်တော်ယာဉ်များတွင် မီးဘေးအန္တရာယ်မဖြစ်ပေါ်စေရေးဆိုင်ရာများ၊ ဒုတိယခရိုင်ဥပဒေအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးကိုက မူးယစ်ဆေးဝါး သယ်ယူပို့ဆောင်ခြင်း၊ လက်ခံ/လွှဲပြောင်းခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်းနှင့် လက်ဝယ်ထားရှိခြင်းတို့အတွက် ကျခံရမည့် ပြစ်ဒဏ်များ၊ ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မျိုးလွင်က မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်နှိမ်နင်းရေး လုပ်ငန်းများတွင် ပြည်သူများ ပူးပေါင်းပါဝင်ကြရေးနှင့် အမှတ်(၃၂) မူးယစ်တပ်ဖွဲ့စု (မြဝတီ)မှ ရဲမှူးရဲနိုင်က အဝေးပြေးမော်တော်ယာဉ်လိုင်း တာဝန်ခံများအနေဖြင့် ယာဉ်ပေါ်နှင့် ကားဂိတ်များတွင် လူမဲ့တန်ဆာများ တင်ဆောင်ပါက ပစ္စည်းများကို ဖွင့်ဖောက်စစ်ဆေးပြီးမှသာ တင်ဆောင်ခွင့်ပြုရန်တို့ကို ဆွေးနွေးပြီး မော်တော်ယာဉ်လိုင်းတာဝန်ခံများက သိရှိလိုသည့် အချက်များကို မေးမြန်းဆွေးနွေးခဲ့သည်။

**ဇာဖြူဝင်း(ပြန်/ဆက်)**

## ၂၀၂၄ ခုနှစ် ကာယပညာနှင့် အားကစားနည်းပြမွမ်းမံသင်တန်း(၁/၂၀၂၄) ဖွင့်ပွဲကျင်းပ

**လယ်ဝေး ဖေဖော်ဝါရီ ၂၉**

ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘောလုံး၊ ဘော်လီဘော၊ ပြေးခုန်ပစ်၊ ပိုက်ကျော်ခြင်း၊ ဘတ်စကက်ဘော၊ ကြက်တောင်၊ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်များနှင့် ပူးပေါင်းဖွင့်လှစ်သည့် ၂၀၂၄ ခုနှစ် ကာယပညာနှင့်အားကစားနည်းပြမွမ်းမံသင်တန်း( ၁/၂၀၂၄) ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီက လယ်ဝေးမြို့ အားကစားလေ့ကျင့်ရေးစခန်း အမှတ်(၂)တွင် ကျင်းပသည်။



ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်းက ယခုသင်တန်းသည် မိမိတို့ပညာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအားကစားအဆင့်အတန်း တိုးတက်မြင့်မားစေရေးအတွက် အထောက်အကူဖြစ်စေရန် ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ အရည်အသွေးရှိသော ကာယပညာ ဆရာဆရာမများ ပေါ်ထွက်လာပြီး ကျောင်းသားအားကစားလုပ်ငန်းများကို ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်ကာ အရည်အသွေးရှိသော ကျောင်းသား အားကစားသမားများ ပေါ်ထွန်းလာစေရန်ဖြစ်ပါကြောင်း၊ လက်ရှိဖော်ဆောင်နေသည့်KG+12ကာယပညာသင်ရိုးကို ပေါက်မြောက်အောင် အကောင်အထည်ဖော်ရမည်ဖြစ်၍ အလေးထားကြိုးစားကြစေလိုကြောင်း၊ အားကစားနည်းအလိုက် သင်ကြားပို့ချပေးသည့် စာတွေ့လက်တွေ့သင်ခန်းစာများကို သေချာဂရုစိုက်ပြီး လေ့လာမှတ်သားကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တက်ရောက်လာကြသည့် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

အဆိုပါ သင်တန်းတွင် အားကစားနည်း ခုနစ်မျိုးအားနည်းပြဆရာ၊ ဆရာမ ၃၅ ဦးက သင်ကြားပို့ချလျက်ရှိပြီး သင်တန်းသား၊ သင်တန်းသူ ၃၁၅ ဦး တက်ရောက်ကာ သင်တန်းကာလမှာ ဖေဖော်ဝါရီ ၂၈ မှ မတ် ၁၀ ရက်အထိဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ

# အပစ်အခတ်ရပ်စဲရေးအဆိုပြုချက်နှင့်ပတ်သက်၍ ဟားမားစ်အဖွဲ့ အလေးနက်ထားလုပ်ဆောင်လျက်ရှိ

**ဂါဇာ ဖေဖော်ဝါရီ ၂၉**

ဟားမားစ်အဖွဲ့သည် အပစ်အခတ်ရပ်စဲရေးအစီအစဉ်နှင့် ဓားစာခံများ ပြန်လွှတ်ပေးရေးတို့အတွက် အစ္စရေးနှင့် အချင်းချင်းကြားလိုက်လျောညီထွေဖြစ်စေရန် တင်ပြထားကြောင်း ဟားမားစ်အဖွဲ့ နိုင်ငံရေးခေါင်းဆောင်များက ပြောသည်။

စေ့စပ်ညှိနှိုင်းမှုတွင် လိုက်လျောညီထွေမှုများဖြစ်အောင် ပြသနေခြင်းသည် ကျွန်ုပ်တို့လူမျိုး သွေးမြေမကျစေရန် နာကျင်မှုများနှင့်စွန့်လွှတ်မှုများအဆုံးသတ်စေရန် ဆောင်ရွက်ခြင်းဖြစ်သည်ဟု အစ္စမေးလ် ဟန်နီယာက ဖေဖော်ဝါရီ ၂၈ ရက်က ကာတာနိုင်ငံ ဒိုဟာမြို့၌ ပြုလုပ်သည့်အစည်းအဝေးပွဲတွင် ပြောကြားခဲ့သည်။

ကာတာနိုင်ငံအပါအဝင် ကြားဝင်စေ့စပ်ပေးသည့်နိုင်ငံများ အကူအညီဖြင့် အပစ်အခတ်ရပ်စဲရေးအတွက် စေ့စပ်ညှိနှိုင်းမှုများ ဆက်လက်ဆောင်ရွက်နေဆဲဖြစ်သည်။ မတ်လ ၁၀ ရက်ဝန်းကျင်မှစတင်၍ အစ္စရေးဘက်မှ ဖမ်းဆီးထိန်းသိမ်းထားသည့်ပါလက်စတိုင်း ၄၀၀ကိုပြန်လွှတ်ပေးမည်ဖြစ်ပြီး ဟားမားစ်တို့ဘက်မှလည်း ဓားစာခံ ၄၀ ကို ပြန်လွှတ်ပေးရန် မူကြမ်းတွင်ပါဝင်သည်။

ဂါဇာကမ်းမြောင်ဒေသတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကျပ်အတည်းများမှာ ပို၍ဆိုးရွားလျက်ရှိသည်။ ဂါဇာကမ်းမြောင်ဒေသရှိ လူပေါင်း ၅၇၆၀၀၀ ခန့်မှန်းခြေအားဖြင့်ဂါဇာဒေသလူဦးရေ လေးပုံတစ်ပုံမှာ မကြာမီငတ်မွတ်ခေါင်းပါးမှုဘေးနှင့် ကြုံတွေ့နိုင်ဖွယ်ရှိကြောင်း ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံးက ပြောသည်။

ကာလရှည်ကြာပဋိပက္ခအတွင်း သေဆုံးသူ ၂၉၉၅၄ ဦးအထိ ရှိလာပြီဖြစ်ကြောင်း ဂါဇာကမ်းမြောင်ဒေသ ကျန်းမာရေးအာဏာပိုင်များက ပြောသည်။

အင်န်အိတ်ချ်ကေ



ပါလက်စတိုင်းရွှေ့ပြောင်းနေထိုင်သူများကို ခန်းယူနစ်မြို့၌ ဇန်နဝါရီ ၃၀ ရက်ကတွေ့ရစဉ်။

# ယခုနှစ် ပထမနှစ်လအတွင်း ဗီယက်နမ်နိုင်ငံသို့ နိုင်ငံတကာခရီးသွားဝင်ရောက်မှု သုံးသန်းကျော်ရှိ

**ဟန်နွိုင်း ဖေဖော်ဝါရီ ၂၉**

ဗီယက်နမ်နိုင်ငံသို့ ယခုနှစ် ပထမနှစ်လအတွင်း နိုင်ငံတကာခရီးသွားဝင်ရောက်မှု ၃ သန်းကျော်ရှိခဲ့ပြီး နှစ်အလိုက် ၆၈ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်လာကြောင်း ဖေဖော်ဝါရီ ၂၉ ရက်တွင် အထွေထွေစာရင်းအင်းရုံး (ဂျီအက်စ်အို) က ထုတ်ပြန်သောအချက်အလက်များအရ သိရသည်။



အဆိုပါပမာဏသည် ၂၀၁၉ ခုနှစ် ကိုဗစ် - ၁၉ ကပ်ရောဂါ မဖြစ်ပွားမီ အလားတူကာလက ဝင်ရောက်မှု၏ ၉၈ ဒသမ ၅ ရာခိုင်နှုန်းအထိရှိလာကြောင်း ဂျီအက်စ်အိုက ပြောသည်။ ပထမနှစ်လတာကာလအတွင်း ပြည်ပခရီးသွားများသည် ဗီယက်နမ်နိုင်ငံသို့ လေကြောင်းမှတစ်ဆင့် ရောက်ရှိလာသူ ၂ ဒသမ ၆ သန်းနီးပါးရှိခဲ့ပြီး စုစုပေါင်း၏ ၈၄ ဒသမ ၂ ရာခိုင်နှုန်းရှိကြောင်း၊ ကုန်းလမ်းမှတစ်ဆင့် ရောက်ရှိလာသူ ၁၂ ဒသမ ၈ ရာခိုင်နှုန်းနှင့် ပင်လယ်လမ်းကြောင်းမှတစ်ဆင့် ရောက်ရှိလာသူ ၃ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

ဆိုက်ရောက်လာသူ အများစုမှာ အာရှမှဖြစ်ပြီး ၂ ဒသမ ၃ သန်းကျော်ရှိကာ နှစ်အလိုက် ၇၇ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်လာကြောင်း အဆိုပါ အချက်အလက်တွင် ဖော်ပြထားသည်။

ထို့အပြင် ခရီးသွားလုပ်ငန်းဝန်ဆောင်မှုမှ ဝင်ငွေရရှိမှုမှာလည်း အမေရိကန်ဒေါ်လာ ၃၆၅ ဒသမ ၂ သန်းရှိပြီး နှစ်အလိုက် ၃၅ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်လာသည်ဟု ဖော်ပြထားသည်။

ဆင်ဟွာ

# တိုယိုတာကုမ္ပဏီ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ ရာထူးမှနုတ်ထွက်မည်

**တိုကျို ဖေဖော်ဝါရီ ၂၉**

တိုယိုတာကုမ္ပဏီ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ ရာထူးမှနုတ်ထွက်တော့မည်ဟု ၎င်းကုမ္ပဏီက ပြောသည်။ တိုယိုတာကုမ္ပဏီသည် လုံခြုံစိတ်ချရမှုဆိုင်ရာ စမ်းသပ်မှုအချက်အလက်များတွင် ပုံမှန်မဟုတ်မှုများ ထွက်ပေါ်လာပြီးနောက် ယခုလို ရာထူးမှ နုတ်ထွက်မည့်ဖြစ်ရပ်ပေါ်ပေါက်လာခြင်းဖြစ်သည်။

တိုယိုတာကုမ္ပဏီ၏ဥက္ကဋ္ဌဖြစ်သူ တိုယိုတာ တက်ဆူရို ရာထူးမှနုတ်ထွက်မည်ဖြစ်ပြီး အကြီးတန်းအကြံပေးတစ်ဦးအဖြစ် ဆောင်ရွက်သွားမည်ဟု ကုမ္ပဏီက ဖေဖော်ဝါရီ ၂၉ ရက်တွင် ပြောသည်။ ဒုတိယဥက္ကဋ္ဌအိုနိုရှီ အာကီရာသည်လည်း ရာထူးမှနုတ်ထွက်မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

ဥက္ကဋ္ဌ၏နေရာတွင် တိုယိုတာ ကားကုမ္ပဏီ ၏ အကြီးတန်းအမှုဆောင်အရာရှိ တာရာရှီ ရှီဂီကီနှင့် အစားထိုးသွားမည်ဖြစ်သည်။ ၎င်းသည် ယခင်က ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသူဖြစ်သည်။ သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာန က တိုယိုတာကုမ္ပဏီကို ဖေဖော်ဝါရီ ၂၂ ရက်က ပြုပြင်ပြောင်းလဲရန် အမိန့်ထုတ်ခဲ့ပြီး ပြင်းထန်သောပြုပြင်ပြောင်းလဲမှုများပြုလုပ်ရန် တောင်းဆိုခဲ့သည်။

ဖော့ကလစ်များ၊ ဆောက်လုပ်ရေးစက်ပစ္စည်းများနှင့် မော်တော်ယာဉ်များတွင်အသုံးပြုသည့် အင်ဂျင်များနှင့်ပတ်သက်၍ အချက်အလက်အတုအယောင် အရှုပ်တော်ပုံပေါ်ပေါက်ခဲ့ပြီးနောက် ယခုလိုဖြစ်ရပ်ဖြစ်ပေါ်လာခြင်းဖြစ်သည်။

အင်န်အိတ်ချ်ကေ

# လာအိုနှင့် ဗြိတိန်တို့ ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှု အားကောင်းစေရေးနည်းလမ်းများ ဆွေးနွေး

**ဗီယင်ကျန်း ဖေဖော်ဝါရီ ၂၉**

လာအိုစက်မှုနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး မလေးသွန်း ခွန်းမာဆစ်သည် လာအိုနိုင်ငံဆိုင်ရာ ဗြိတိန်သံအမတ် မဲလိန်နီဘာလိုနှင့် တွေ့ဆုံကာ ရောင်းဝယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ဘဏ္ဍာရေးနှင့် စီးပွားရေးစသည့် နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှု အားကောင်းစေရေးနည်းလမ်းများနှင့်ပတ်သက်ပြီး ဆွေးနွေးခဲ့ကြောင်း ဒေသမီဒီယာက ဖေဖော်ဝါရီ ၂၉ ရက်တွင် ပြောသည်။

မလေးသွန်းသည် လာအိုနိုင်ငံတွင် ဗြိတိန်စီးပွားရေးလုပ်ငန်းများ ပိုမိုရင်းနှီးမြှုပ်နှံရေးအတွက် တောင်းဆိုခဲ့ကြောင်း Lao Phattana News ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။ ဗြိတိန်သည် လက်ရှိတွင် လာနိုင်ငံ၌ စီးပွားရေးလုပ်ငန်းပေါင်း ၃၈ ခု လည်ပတ်ဆောင်ရွက်လျက်ရှိပြီး အဓိကအားဖြင့် စိုက်ပျိုးရေး၊ သစ်တော၊ ငါးလုပ်ငန်း၊ ပြုပြင်ထုတ်လုပ်ရေးလုပ်ငန်း၊ သတ္တုတွင်း၊ လက်လီလက်ကားရောင်းချမှု၊ မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်ပြုပြင်ရေး စသည့်ကဏ္ဍများတွင် ဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

# လာမည့် ရှစ်ရက်အတွင်း မြို့တော်ဂျကာတာ၌ မိုးသည်းထန်စွာရွာနိုင်ကြောင်း သတိပေးချက်ထုတ်ပြန်

**ဂျကာတာ ဖေဖော်ဝါရီ ၂၉**

အင်ဒိုနီးရှား မိုးလေဝသ၊ ရာသီဥတုနှင့် ဘူမိရူပဗေဒအေဂျင်စီ (ဘီအမ်ကေဂျီ) သည် လာမည့် ရှစ်ရက်အတွင်း မြို့တော်ဂျကာတာတစ်ဝန်း မိုးသည်းထန်စွာရွာသွန်းနိုင်ခြေရှိမှုနှင့်ပတ်သက်ပြီး ဖေဖော်ဝါရီ ၂၉ ရက်တွင် သတိပေးချက်ထုတ်ပြန်ခဲ့သည်။

ဘီအမ်ကေဂျီ၏ မိုးလေဝသဌာန လက်ထောက်အကြီးအကဲ ဂူဆွမ်တိုက မတ် ၁ ရက်မှ ၈ ရက်ကြားတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် လေပြင်းတိုက်ခတ်မှုများက မြို့တော်ဂျကာတာတွင် ဖြစ်ပွားနိုင်ကြောင်းပြောသည်။

ဖေဖော်ဝါရီ ၂၉ ရက်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြို့တော် ဂျကာတာရှိ လမ်းပေါင်း ၃၄ ခုထက်မနည်းမှာ ရေနစ်မြုပ်မှုဖြစ်ပွားခဲ့သည်။

ထို့အပြင် ယာဉ်ကြောပိတ်ဆို့မှုများကို ဖြစ်ပေါ်စေခဲ့ကြောင်းနှင့် အချို့ဒေသမှ ဒေသခံများကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ကြောင်း ဂျကာတာသဘာဝဘေးလျော့ပါးရေး အေဂျင်စီ၏ ထုတ်ပြန်ချက်အရ သိရသည်။

ဆင်ဟွာ



# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများ လာရောက်လှူဒါန်း

နေပြည်တော် ဖေဖော်ဝါရီ ၂၉

**နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင်များက စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်လျက်ရှိရာ ယနေ့တွင် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့မှ ဝန်ထမ်းမိသားစုများက ဂုဏ်ပြုချီးမြှင့်ငွေနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စေတနာရှင်ပြည်သူများက စားသောက်ဖွယ်ရာများ ပေးအပ်သည်။**

### သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့မှ ဝန်ထမ်းမိသားစုများက ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်

ထိုသို့ ပေးအပ်လျက်ရှိရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့မှ ဝန်ထမ်းမိသားစုများက ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်ခြင်းကို နေပြည်တော်တိုင်း စစ်ဌာနချုပ်ရှိ ပေါင်းလောင်း ရိပ်သာ၌ ပြုလုပ်ရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ တိုင်းမှူး ဗိုလ်ချုပ် စောသန်းလှိုင်နှင့် ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများနှင့် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ပေးအပ်လှူဒါန်းသည့် ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၁၀၀ ကိုလည်းကောင်း၊ ပညာရေးဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ပေးအပ်လှူဒါန်းသည့် ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၁၂၀ ကိုလည်းကောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့က တိုင်းမှူးထံ ဂုဏ်ပြုပေးအပ်သည်။ ယင်းနောက် တိုင်းမှူးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင် စကားပြန်လည်ပြောကြားသည်။

### မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စေတနာရှင်ပြည်သူများက စားသောက်ဖွယ်ရာများ ပေးအပ်

အလားတူ မန္တလေးတိုင်း ဒေသကြီးအတွင်းရှိ စေတနာရှင် ပြည်သူများက စားသောက်ဖွယ်ရာများ ပေးအပ်ခြင်းကို ပြင်ဦးလွင်မြို့ နယ်မြေခံသင်တန်းကျောင်းရှိ ရန်ကြီးအောင်ခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကြည်ခိုင်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်းရှိ စေတနာရှင်ပြည်သူများက ပေးအပ်လှူဒါန်းသည့် ငွေကျပ်သိန်း ၁၈၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာများကို နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူတစ်ဦးထံ ဂုဏ်ပြုပေးအပ်သည်။ ယင်းနောက် နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူတစ်ဦးက ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ဆက်လက်ပို့ဆောင် ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် တိုင်းမှူးဗိုလ်ချုပ် စောသန်းလှိုင် ထံ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၁၀၀ ပေးအပ်စဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ တိုင်းမှူးဗိုလ်ချုပ် စောသန်းလှိုင် ထံ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေ ကျပ်သိန်း ၁၂၀ ပေးအပ်စဉ်။



တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် အား နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူတစ်ဦးက တိုင်းဒေသကြီး အတွင်းရှိ စေတနာရှင်ပြည်သူများက ပေးအပ်လှူဒါန်းသည့် ငွေကျပ်သိန်း ၁၈၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာများအတွက် ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။

# မြစ်ခြေမြို့နယ်ရှိ ကျေးရွာအချို့ကို လုံခြုံရေးပူးပေါင်းအဖွဲ့ဝင်များက ဝင်ရောက်စီးနင်းပြီး အဖိုးတန်ပစ္စည်းများ ယူဆောင်ကာ မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၉**

မကွေးတိုင်းဒေသကြီး မြစ်ခြေမြို့နယ်ရှိ ဖလံအိုကျေးရွာ၊ ချိုင်ကျေးရွာနှင့် ရေကြည်ကျေးရွာတို့ကို ဖေဖော်ဝါရီ ၂၇ ရက်က လုံခြုံရေးပူးပေါင်းအဖွဲ့ဝင်များက ဝင်ရောက်စီးနင်းပြီး အဖိုးတန်ပစ္စည်းများယူဆောင်ကာ ကျေးရွာများကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာ Khit Thit က လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ဂုဏ်သိက္ခာကျဆင်းစေရန်အတွက် မဟုတ်မမှန် လုပ်ကြံရေးသား ဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ မကွေးတိုင်းဒေသကြီးမှ လုံခြုံရေး တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ မြစ်ခြေမြို့နယ်ရှိ ဖလံအိုကျေးရွာ၊ ချိုင်ကျေးရွာနှင့် ရေကြည်ကျေးရွာတို့ကို လုံခြုံရေးပူးပေါင်းအဖွဲ့ဝင်များက ဝင်ရောက်စီးနင်းပြီး အဖိုးတန်ပစ္စည်းများ ယူဆောင်ကာ ကျေးရွာများကိုမီးရှို့ဖျက်ဆီးခဲ့သည့်သတင်းမှာ မှန်ကန်မှုမရှိကြောင်း တပ်ဖွဲ့ဝင်များ၏ ဂုဏ်သိက္ခာကျဆင်းစေရန် လုပ်ကြံရေးသားသည့် သတင်းအမှားများသာဖြစ်ကြောင်း သိရသည်။

မြစ်ခြေမြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင် PDF အမည်ခံ အကြမ်းဖက်သမားများက ဝင်ရောက်လှုပ်ရှားလျက်ရှိပြီး ဒေသခံပြည်သူများကို ငွေကြေးကောက်ခံခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်းများ လုပ်ဆောင်နေကြောင်း အကြမ်းဖက်လုပ်ရပ်များကို လက်ခံခြင်းမရှိသည့် ဒေသခံပြည်သူတစ်ဦး၏ သတင်းပေးပို့မှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၇ ရက်က ဖလံအိုကျေးရွာအတွင်းမှ PDF အမည်ခံအကြမ်းဖက်သမားများက လက်လုပ်သေနတ်များ၊ လက်လုပ်စိန်ပြောင်းများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း၊ ၎င်းတို့ ဆုတ်ခွာထွက်ပြေးစဉ်တွင် ဖလံအိုကျေးရွာအတွင်း မိုင်းထောင်ဖောက်ခွဲခဲ့ခြင်းကြောင့် နေအိမ်များ မီးလောင်ပျက်စီးခဲ့ခြင်းဖြစ်ပြီး တရားမဝင်ပြည်ဖျက်မီဒီယာများအနေဖြင့် ပြည်သူများ အထင်အမြင်လွဲမှားစေရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ဂုဏ်သိက္ခာကျဆင်းစေရန်အတွက် လုပ်ကြံ ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များအား ဆုကြေးငွေ၊ ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်း အမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်လျက်ရှိပြီး ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများဖြင့် ဝင်ရောက်လာသူများကို ဆုကြေးငွေများ သီးသန့်ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ထားပြီးဖြစ်ရာ ယနေ့တွင်လည်း ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိသော PDF သင်တန်းဆင်း အလင်းဝင်ရောက်သူများအား မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းအပ်နှံခြင်းကို စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့၊ ခန္တီးမြို့၊ ဖောင်းပြင်မြို့၊ ကလေးမြို့၊ မုံရွာမြို့နှင့် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့တို့ရှိ နယ်မြေခံတပ်နယ်ခန်းမများ၌ အသီးသီးပြုလုပ်ရာ သက်ဆိုင်ရာတပ်နယ်များမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း အလင်းဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ သက်ဆိုင်ရာတပ်နယ်များမှ တာဝန်ရှိသူများက နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာပုဒ်မများကို အသီးသီး ရှင်းလင်းဆွေးနွေး ပြောကြားကြသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော ပြစ်မှုကျူးလွန်ခြင်းမရှိသည့် စစ်ကိုင်းတိုင်းဒေသ



ကြီး တမူးမြို့၊ ခန္တီးမြို့၊ ဖောင်းပြင်မြို့၊ ကလေးမြို့၊ မုံရွာမြို့နှင့် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့တို့မှ PDF အဖွဲ့ဝင် အမျိုးသား ၁၀ ဦး နှင့် အမျိုးသမီး နှစ်ဦးတို့သည် ၎င်းတို့နှင့် အတူပါလာသည့် MK–12 အမျိုးအစား မောင်းပြန်ရိုင်ဖယ် တစ်လက်၊ Stalliom PA–100 Short Gun အမျိုးအစား မောင်းပြန်ရိုင်ဖယ် တစ်လက်နှင့် KUZAY–GN 19 အမျိုးအစား ပစ္စတိုတစ်လက်တို့အား အပ်နှံကြရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး MK–12 အမျိုးအစား မောင်းပြန်ရိုင်ဖယ် တစ်လက်အတွက် ဆုကြေးငွေ ကျပ်သိန်း ၄၀၊ Stalliom PA–100 Short Gun အမျိုးအစား မောင်းပြန်ရိုင်ဖယ် တစ်လက်အတွက် ဆုကြေးငွေ ကျပ်သိန်း ၄၀၊ KUZAY–GN 19 အမျိုးအစား ပစ္စတို တစ်လက်အတွက် ကျပ်သိန်း ၂၀၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အလင်းဝင်ရောက်လာသူ ၁၂ ဦးအတွက် တစ်ဦးလျှင် ဆုကြေးငွေ ကျပ်သိန်း ၂၀ စုစုပေါင်းကျပ်သိန်း ၃၄၀ နှင့် ထောက်ပံ့ပစ္စည်းများ၊ စားသောက်ဖွယ်ရာများအား ပေးအပ်ရာ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများက အသီးသီးလက်ခံရယူကြပြီး အလင်းဝင်ရောက်လာသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ ယင်းနောက် အလင်းဝင်ရောက်လာသူများနှင့် တက်ရောက်လာကြသူများအား စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံကျွေးမွေးပြီး အလင်းဝင်ရောက်လာသူများအား အသိအမှတ်ပြုကတ်ပြားများ ပေးအပ်ကာ ဝန်ခံကတိလက်မှတ်ရေးထိုးစေ၍ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြသည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ ပြန်လည်လွှဲအပ်ပေးလျက်ရှိခြင်းများကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများအား ထိုက်တန်စွာ ပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# AA အကြမ်းဖက်သောင်းကျန်းသူများက စစ်တွေမြို့ မြို့မဈေးအနီးရှိ ဒေသအခေါ်အဝေါ် ကိုရီးယားဆိပ်ကမ်းဈေးအတွင်းသို့ လက်နက်ကြီးများဖြင့် လက်လွတ်စပယ်ပစ်ခတ်မှုကြောင့် ဒေသခံပြည်သူအချို့ သေဆုံး၊ ထိခိုက်ဒဏ်ရာများရရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၉**

ရခိုင်ပြည်နယ် စစ်တွေမြို့ မြို့မဈေးအနီးရှိ ဒေသအခေါ်အဝေါ် ကိုရီးယားဆိပ်ကမ်း ဈေးအတွင်း၌ ယနေ့နံနက် ၈ နာရီခွဲခန့်တွင် ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားမှုကြောင့် ဒေသခံပြည်သူအချို့ သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိမှုများ ဖြစ်ပွားခဲ့သည့်အတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့များက သွားရောက်တွေ့ဆုံ၍ ထောက်ပံ့မှုများ ပြုလုပ်ပေးခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူများအား စစ်တွေမြို့နယ် ပြည်သူ့ဆေးရုံကြီး (ခုတင်–၅၀၀) သို့ အရေးပေါ်ပို့ဆောင်၍ ဆေးကုသမှုခံယူစေလျက်ရှိသည်။

ထို့ပြင် AA အကြမ်းဖက် သောင်းကျန်းသူများ အနေဖြင့် ဖေဖော်ဝါရီ ၂၈ ရက်တွင်လည်း ပုဏ္ဏားကျွန်းမြို့သို့ နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိသည့် တပ်မတော်စစ်ကြောင်းများနှင့် မြို့နယ်ရဲတပ်ဖွဲ့များအား ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး စစ်တွေတပ်နယ်ဘက်သို့လည်း လက်နက်ကြီးများဖြင့် လက်လွတ်စပယ် ပစ်ခတ်ခဲ့မှုကြောင့် တပ်နယ်အတွင်းရှိ ကျေးရွာများသို့ လက်နက်ကြီးကျည်များ ကျရောက်ပေါက်ကွဲခဲ့ပြီး ဒေသခံကျေးရွာသားအချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

အဆိုပါ ဖြစ်စဉ်များနှင့်ပတ်သက်၍ တည်ငြိမ်အေးချမ်းလျက်ရှိသော မြို့ရွာများအတွင်း လက်နက်ကြီးများ အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခြင်း၊ တိုက်ပွဲများ ဖော်ဆောင်ခြင်း၊ ဒေသကောင်းစားရေးဟု သုံးနှုန်း၍ အမှန်တကယ်တွင် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်နေသော AA အကြမ်းဖက်သောင်းကျန်းသူများ၏ လုပ်ရပ်များကို ဒေသခံပြည်သူများအနေဖြင့် လုံးဝလက်ခံနိုင်ခြင်း မရှိကြောင်းနှင့် ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

AA အကြမ်းဖက်သောင်းကျန်းသူများ၏ လက်နက်ကြီးများဖြင့် ပစ်ခတ်မှုကြောင့် စစ်တွေမြို့ မြို့မဈေးအနီးရှိ ဒေသအခေါ် ကိုရီးယားဆိပ်ကမ်းဈေးအတွင်း၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး ဒေသခံပြည်သူအချို့ သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိသည့် ဖြစ်စဉ်ပြပုံ



# မြိတ်မြို့နယ်၊ ပလောက်မြို့နယ်၊ ဘုတ်ပြင်းမြို့နယ်နှင့် ကော့သောင်းမြို့နယ်တို့ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား တွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၉**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်၊ ပလောက်မြို့နယ်၊ ဘုတ်ပြင်းမြို့နယ်နှင့် ကော့သောင်းမြို့နယ်တို့ရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား ယနေ့နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်စွာဦးနှင့် တာဝန်ရှိသူများက တိုင်းစစ်ဌာနချုပ် တိုင်းရန်အောင်ခန်းမနှင့် နယ်မြေခံတပ်နယ်ခန်းမများ၌ အသီးသီးသွားရောက်တွေ့ဆုံကြသည်။



ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများက အသီးသီး အမှာစကားပြောကြားပြီး ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များအတွက် ဆန်၊ ဆီနှင့် ချီးမြှင့်ငွေများ ပေးအပ်ကြပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တပ်မတော်(လေ)မှ တိုက်ခိုက်ရေးလေယာဉ်တစ်စင်း လေ့ကျင့်ပျံသန်းရေး ဆောင်ရွက်စဉ် စက်ချို့ယွင်းကာ မတော်တဆမှု ဖြစ်ပွား

**နေပြည်တော် ဖေဖော်ဝါရီ ၂၉**

တပ်မတော်(လေ)မှ တိုက်ခိုက်ရေး လေယာဉ်တစ်စင်းသည် မကွေးမြို့ပတ်ဝန်းကျင်တစ်ဝိုက် လေ့ကျင့်ပျံသန်းရေးဆောင်ရွက်စဉ် ပွင့်ဖြူမြို့ အနောက်မြောက်ဘက် ရေဘုတ်ကြီးရွာအနီးသို့အရောက် မွန်းလွဲ ၁၂ နာရီ ၅ မိနစ်ခန့်တွင် ရုတ်တရက် စက်ချို့ယွင်းမှုဖြစ်ပေါ်ခဲ့ကာ မြေပြင်ပေါ်သို့ ပြုတ်ကျခဲ့ပြီး မီးလောင်မှုဖြစ်ပွားခဲ့သည်။

လေယာဉ်ပျက်ကျမှုဖြစ်စဉ်တွင် လေယာဉ်မှူးအနေဖြင့် အရေးပေါ်ခုန်ထွက်နိုင်ခဲ့မှုကြောင့် ဘေးကင်းစွာဖြင့် ပြန်လည်ကယ်တင်နိုင်ခဲ့ပြီး စက်ချို့ယွင်းမှုအကြောင်းရင်းအား စုံစမ်းစစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



တာမွေမြို့နယ် မလွကုန်းဈေးကွယ်(က) ရပ်ကွက်ရှိ အမှတ်(၅) မူလတန်းကြိုကျောင်းနှင့် ဗျိုင်းရေအိုးစင်ကွက်သစ် ရပ်ကွက်ရှိ ကယ်တင်ခြင်းတပ် အမျိုးသမီးဂေဟာ၌ ဆရာမများနှင့် ကျောင်းသူများအား မီးဘေးလုံခြုံရေး အသိပညာပေးခြင်းနှင့် လက်တွေ့မီးငြိမ်းသတ် သရုပ်ပြသခြင်းကို ဖေဖော်ဝါရီ ၂၉ ရက်က မြို့နယ်မီးသတ်စခန်းမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးထွန်းထွန်းလင်းနှင့် သန္ဓေတပ်ဖွဲ့ဝင်များက လက်တွေ့မီးငြိမ်းသတ်ရေး သရုပ်ပြသစဉ်။ အာကာလင်း

# ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ပြီး ရေရှည်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများဆောင်ရွက်နိုင်ရေး အထူးအလေးထားဆောင်ရွက်လျက်ရှိ

**မော်လမြိုင် ဖေဖော်ဝါရီ ၂၉**

မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏(၂/၂၀၂၄)ကြိမ်မြောက် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက မွန်ပြည်နယ်သည် စီးပွားရေးအရ အချက်အချာကျသည့် နေရာတစ်ခုဖြစ်ပြီး ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှု ဖိတ်ခေါ်၍ ရေရှည်ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးကို အထူးအလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်နယ်အတွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းတွင် MSME လုပ်ငန်းများသည် အရေးပါဆုံး အခန်းကဏ္ဍတွင် ပါဝင်သဖြင့် အားပေးဆောင်ရွက်ကြရန် လိုအပ်သလို ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံသူများ ပါဝင်သည့် စီးပွားရေးအခြေခံကောင်းများ တည်ဆောက်နိုင်ရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံသူများပါဝင်သည့် စီးပွားရေးအခြေခံကောင်းများ တည်ဆောက်ပြီး တစ်ဖက်တွင်လည်း ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှုများ ပိုမိုစီးဝင်လာစေရေး ဆောင်ရွက်ကြရန် လိုကြောင်း၊ ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရင်းနှီးမြှုပ်နှံသူများ လုပ်သာကိုင်သာရှိစေရန်၊ ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာစေရန်နှင့် ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန် လိုကြောင်းပြောကြားသည်။

ထို့နောက် ပြည်နယ်ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင်ထွန်းအောင်က ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ ခွင့်ပြုချက်တင်ပြလာသည့် ကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် မွန်ပြည်နယ်အတွင်း ရာနှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်မှုဖြင့် ရော်ဘာသစ်ခွဲသားများ ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသော Sen Hui Yuan International Co.,Ltd ၏ အတည်ပြုမိန့်တွင် ရင်းနှီးမြှုပ်နှံသူ အမည်ပြောင်းလဲပြင်ဆင်ခွင့်ပြုနိုင်ရန် တင်ပြချက်များ အပေါ် ပြည်နယ်ဝန်ကြီးများနှင့် ကော်မတီဝင်များက ဖြည့်စွက်ဆွေးနွေးတင်ပြခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



မွန်ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ဆောင်ရွက်နေသည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု စုစုပေါင်း ၅၇ ခု၊ ရင်းနှီးမြှုပ်နှံမှုပမာဏ ကျပ်သန်းပေါင်း ၉၃၆၆၃၄ ဒသမ ၇၃၆ နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ၃၈ ခု၊ အမေရိကန်ဒေါ်လာ ၅၁၃၆ ဒသမ ၃၉၆ သန်း ရှိပြီး အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၄၄၈၇ ဦး ရရှိနေပြီဖြစ်ကြောင်း သိရသည်။

**သက်နိုင်(မော်လမြိုင်)**

# ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ရခိုင်ပြည်နယ်အတွင်း လက်ရှိဖြစ်ပေါ်နေသော ဒေသအခြေအနေအရ စာစစ်ဌာန ၆၉ ခုဖြင့် ကျင်းပ စစ်ဆေးသွားမည်

**စစ်တွေ ဖေဖော်ဝါရီ ၂၉**

ရခိုင်ပြည်နယ်အတွင်း ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲမေးခွန်း၊ အဖြေလွှာ ပို့ဆောင်နိုင်ရေးနှင့် စာမေးပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ စစ်တွေတက္ကသိုလ် ပါမောက္ခချုပ်၊ ပြည်နယ်ပညာရေးမှူး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ တက်ရောက်ကြပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက Video Conference စနစ်ဖြင့် တက်ရောက်ကြသည်။



ညှိနှိုင်း အစည်းအဝေးတွင် ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းက ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ်လ ၁၁ ရက်နေ့မှ မတ်လ ၁၉ ရက်နေ့ အထိ မြန်မာတစ်နိုင်ငံလုံးတွင် တစ်ပြိုင်တည်း ကျင်းပသွားမည် ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ် အတွင်း လက်ရှိဖြစ်ပေါ်နေသော ဒေသအခြေအနေအရ စာစစ်ဌာန ၆၉ ခုဖြင့် ကျင်းပစစ်ဆေးသွားမည်ဖြစ်ပြီး စာစစ်ဌာနများကို တည်နေရာပြောင်း စစ်ဆေးခြင်း၊ သင့်တော်ရာ စာစစ်ဌာနအလိုက် ပေါင်း၍ စစ်ဆေးခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မသမာမှုကင်းရှင်းစွာကျင်းပနိုင်ရေး၊ အေးချမ်းတည်ငြိမ်စွာ ကျင်းပနိုင်ရေးအတွက် ပြည်နယ်အဆင့်ဦးစီးကော်မတီများ ဖွဲ့စည်းပြီး စနစ်တကျဆောင်ရွက်ထားကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး၊ အေးချမ်းတည်ငြိမ်စွာ ကျင်းပနိုင်ရေး၊ စာမေးပွဲမေးခွန်းလွှာများ လုံခြုံစွာနှင့် သတ်မှတ်နေရာများသို့ ရောက်ရှိနိုင်ရေး၊ လတ်တလော လုံခြုံရေး အခြေအနေများအရ နေရာပြောင်းရွှေ့ထားသော စာစစ်ဌာနများအဆင်ပြေစွာ ကျင်းပစစ်ဆေးနိုင်ရေး၊ စာမေးပွဲကျင်းပနေစဉ် အတွင်းစည်းလုံခြုံရေး၊ အပြင်စည်းလုံခြုံရေးများကို အထူးအလေးပေး ကြီးကြပ်ဆောင်ရွက်ထားနိုင်ရေးလည်း ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း၊ စာမေးပွဲအဖြေလွှာများကို သက်ဆိုင်ရာ ခရိုင်ပညာရေးမှူးရုံးများသို့ ပေးပို့ထားပြီး စာစစ်ဌာနများသို့ အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကာ မေးခွန်းလွှာများကိုလည်း အချိန်မီပေးပို့နိုင်ရေး စီစဉ်ဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ စာမေးပွဲကာလအတွင်း စာစစ်ဌာနများအား ကြီးကြပ်ခြင်းကို ရခိုင်ပြည်နယ်ပညာရေးမှူးရုံးနှင့် သက်ဆိုင်ရာ ခရိုင် ပညာရေးမှူးရုံးများ၊ မြို့နယ်ပညာရေးမှူးရုံးများမှ အရာထမ်း၊ အမှုထမ်းများက ကွင်းဆင်းကြီးကြပ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် တက္ကသိုလ်ဝင်စာမေးပွဲသည် နိုင်ငံတော်၏ အစိုးရစစ်စာမေးပွဲကြီးဖြစ်သည့်အတွက် မသမာမှုကင်းရှင်းပြီး အေးချမ်းအောင်မြင်စွာ ကျင်းပပြီးစီးနိုင်ရန်အတွက် တာဝန်ရှိသူအားလုံးက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန် ပြောကြားသည်။

ယင်းနောက် ပြည်နယ်ပညာရေးမှူး ဦးဘထွီးစိန်က တက္ကသိုလ်ဝင် စာမေးပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုများအား ရှင်းလင်းတင်ပြပြီး Video Conference စနစ်ဖြင့် တက်ရောက်ကြသည့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် ပညာရေးမှူးများက မိမိတို့ခရိုင်နှင့် မြို့နယ်အလိုက် သတ်မှတ်ထားသော စာစစ်ဌာနများတွင် စနစ်တကျဖြေဆိုနိုင်ရေး စီမံဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များ အပေါ် ပြည်နယ် အစိုးရအဖွဲ့ဝင်များက ဖြည့်စွက်အကြံပြု ဆွေးနွေးတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လုံခြုံရေးကိစ္စများအား တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန်မှာပြီး လိုအပ်သည်များကို ပြန်လည်ဆွေးနွေးပေးကာ နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

## ပေါင်မြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာ သတင်းစကားလက်ကမ်းစာစောင်များဖြန့်ဝေ

**ပေါင် ဖေဖော်ဝါရီ ၂၉**

မွန်ပြည်နယ် ပေါင်မြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်၍ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်ဖြန့်ဝေခြင်းတို့ကို ယမန်နေ့နံနက်ပိုင်းက လူစည်ကားရာနေရာများ၌ လိုက်လံဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထင်လင်းအောင်နှင့်အဖွဲ့ဝင်များ ဦးဆောင်၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့ဝင်များက လမ်းသွားလမ်းလာပြည်သူများ၊ မော်တော်ယာဉ်မောင်းများ၊ ပေါင်မြို့မဈေးမှ ဈေးရောင်းဈေးဝယ်ပြည်သူများကို ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာများ အသိပညာပေးရှင်းလင်းခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

◆ *ကျောဖုံးမှ*

မန်ယူအသင်းသည် ပထမပိုင်းပွဲချိန်တွင် ပြိုင်ဘက်အသင်း၏ တုံ့ပြန်ကစားပုံကောင်းမွန်မှုကြောင့် အသင်းချိတ်ဆက်ကစားမှုပိုင်း ဟန်ချက်ပြက်ခဲ့သော်လည်း ဒုတိယပိုင်းတွင် မန်ယူအသင်း၏ ကစားအား သိသိသာသာတက်လာခဲ့ပြီး ဘောလုံးပိုင်ဆိုင်မှုအသာ၊ ဂိုးကန်သွင်းမှုအသာဖြင့် နော့တင်ဟမ်အသင်းကို ဖိအားပေးကစားလာနိုင်ခဲ့သည်။

မန်ယူအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန်ပြည့်ခါနီးတွင် အသင်းခေါင်းဆောင် ဖာနန်ဒက်စ်၏ ဖန်တီးမှုမှ ကက်စမီရိုက သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ နော့တင်ဟမ်ကို အနိုင်ယူကာ နောက်တစ်ဆင့်တက်လှမ်းနိုင်ခဲ့သော မန်ယူအသင်းသည် အက်ဖ်အေဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်တွင် အသင်းကြီး လီဗာပူးအသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။ အက်ဖ်အေဖလားပြိုင်ပွဲ ပဉ္စမအဆင့်မှ ဖေဖော်ဝါရီ ၂၉ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် အခြားပွဲစဉ်ရလဒ်များတွင် ချယ်ဆီးက လိဒ်စ်ကို သုံးဂိုး-နှစ်ဂိုး၊ ဝုဖ်က ဘရိုက်တန်ကို တစ်ဂိုး-ဂိုးမရှိ၊ လီဗာပူးက ဆောက်သမ်တန်က သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

**အောင်ဇော်**

# မဟာသျှီဝရာတြီး ပန်းပူဇော်ပွဲတော်ကြီးကို ပြင်ဦးလွင်မြို့ နောင်ခမ်းကြီး၌ ညလုံးပေါက် စည်ကားစွာကျင်းပမည်

**ပြင်ဦးလွင် ဖေဖော်ဝါရီ ၂၉**

ဟိန္ဒူဘာသာဝင်များ အလေးထားကိုးကွယ်သည့် ပြင်ဦးလွင်မြို့ နောင်ခမ်းကြီးရပ်ကွက်ကြီး(၂၀)ရှိ သျှီးနီးလ်ထေရှရ် သျှီဝဟိန္ဒူဘုရားကျောင်း၌ မဟာသျှီဝရာတြီး ပန်းပူဇော်ပွဲတော်ကြီးကို ဘုရားကျောင်းဂေါပကအဖွဲ့က ကြီးမှူး၍ မတ်လ ၈ ရက်တွင် ညလုံးပေါက် စည်ကားစွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မဟာသျှီဝရာတြီးပွဲ၊ ပန်းပူဇော်ပွဲတော်တွင် ဒေသခံနှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားပွဲတော်လာ ဟိန္ဒူဘာသာဝင်များက ဥပုသ်သီတင်းသီလ ဆောက်တည်၍ ပထမအကြိမ်ပူဇော်ပွဲကို မတ် ၈ ရက် ည ၉ နာရီ၊ ဒုတိယအကြိမ် ပူဇော်ပွဲကို ည ၁၂ နာရီ၊ တတိယအကြိမ်ပူဇော်ပွဲကို မတ် ၉ ရက် နံနက် ၃ နာရီနှင့် စတုတ္ထအကြိမ်ပူဇော်ပွဲကို နံနက် ၅ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း၊ ဖူးမြော်ပူဇော်ခြင်း အစီအစဉ်နှင့်အတူ နွားနို့၊ ရေ၊ ပန်း၊ ဆီမီး၊ သစ်သီးဝလံ စသည့်လှူဖွယ်ပစ္စည်းများဖြင့် ဆက်ကပ်လှူဒါန်းကာ ညလုံးပေါက် စုပေါင်းကျင်းပ ပူဇော်ကြမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဘုရားပွဲတော်လာ ပြည်သူများသည် မတ်၉ ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ သျှုရီသျှီဝ ကျမ်းတော်မြတ် ရွတ်ဖတ်ပူဇော်ခြင်းများကို အစီအစဉ်အတိုင်းကျင်းပအပြီး မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ စေတနာရှင် အလှူရှင်များက သက်သတ်လွတ် ထမင်းဟင်းများဖြင့် ပွဲတော်လာ ပရိသတ်များအား စတုဒိသာကျွေးမွေး ဧည့်ခံမည်ဖြစ်ကြောင်း ဘုရားကျောင်းဂေါပကအဖွဲ့က နှိုးဆော်ထားသည်။

မဟာသျှီဝရာတြီး ပွဲတော်ကြီးကို လားရှိုးမြို့ပေါ်တော်မူ မဟာသျှီဝရာတြီး ရှန်ခိုက်ဘုရားပွဲတော် ပူဇော်ပွဲကြီးနှင့်အတူ နိုင်ငံတစ်ဝန်း အနယ်နယ် အရပ်ရပ်ရှိ ဟိန္ဒူဘုရားကျောင်း အသီးသီးတို့တွင်လည်း အထူးစည်ကားသိုက်မြိုက်စွာ ကျင်းပပူဇော်ကြမည်ဖြစ်ကြောင်း သိရသည်။



**တင်မောင်(မန်း)**

## နယ်စပ်ရေးရာဝန်ကြီးဌာနမှ လင်းခေးခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး

**နေပြည်တော် ဖေဖော်ဝါရီ ၂၉**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေ ၂၄၆ ဒသမ ၂၃၄ ကျပ်သန်းဖြင့် ဆောင်ရွက်ခဲ့သော လင်းခေးမြို့နယ် နောင်လုံအုပ်စု ဒါးဆိပ် - နောင်လုံ-ဝမ်စစ် - ဟိုက်ကွေ့လမ်းမကြီးမှ ပန်ကျင် - ဟတ်မိုင် - နောင်ခေါက်ကျေးရွာသွားလမ်း ၃ မိုင် ၇ ဖာလုံ အနက် ၁ မိုင် ၃ ဖာလုံ အပြီးသတ် ကျောက်ခင်းခြင်းနှင့် ၅ ပေ Box Culvert နှစ်စင်း တည်ဆောက်ခြင်း လုပ်ငန်းများ ယနေ့တွင် ရာခိုင်နှုန်းပြည့်ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့သည်။



အဆိုပါ လမ်းဖောက်လုပ်ပြီးစီးမှုကြောင့် လင်းခေးခရိုင်အတွင်းရှိ ကျေးရွာ ၁၀ ရွာ၊ လူဦးရေ ၃၄၂၅ ဦးတို့၏ လူမှုစီးပွားဘဝများအတွက် များစွာအထောက်အကူပြုမည်ဖြစ်သဖြင့် ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် များစွာဝမ်းမြောက်ပျော်ရွှင်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ ယူ-၁၆ လူငယ်လက်ရွေးစင်အသင်းဖွဲ့စည်းရန် ဒုတိယအကြိမ်လူရွေးပွဲ မတ်လဆန်းတွင် ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၉**

မြန်မာ ယူ - ၁၆ လူငယ်လက်ရွေးစင်အသင်း နည်းပြအဖွဲ့သည် ကစားသမားများ ဖွဲ့စည်းရန် လူရွေးပွဲ ထပ်မံကျင်းပမည်ဖြစ်ပြီး မတ် ၄ ရက်နှင့် ၅ ရက်တို့တွင် ထပ်မံကျင်းပမည်ဖြစ်သည်။

မြန်မာ ယူ - ၁၆ အသင်းသည် ယခုနှစ်အတွင်း အာဆီယံ ယူ - ၁၆ ချန်ပီယံရှစ်ပြိုင်ပွဲနှင့် အာရှဖလား ယူ - ၁၇ ခြေစစ်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ယင်းပြိုင်ပွဲအတွက် ကစားသမားများ ရွေးချယ်ရန် လူရွေးပွဲကျင်းပခြင်းဖြစ်သည်။ မြန်မာ ယူ-၁၆ လူငယ်လက်ရွေးစင် အမျိုးသားအသင်း နည်းပြချုပ်အဖြစ် ဂျပန်နိုင်ငံသား မီတမီချီတယုကို ခန့်အပ်ထားသည်။ နည်းပြချုပ်သစ် မီတမီချီတယုသည် အာရှနိုင်ငံများတွင် နည်းပြအဖြစ် ကျင်လည်နေသူဖြစ်ပြီး မြောက်မာရီယာနာကျွန်းစု ဘောလုံးအဖွဲ့ချုပ်တွင် နည်းပြချုပ်နှင့် နည်းစနစ်ဒါရိုက်တာအဖြစ် ခုနစ်နှစ်ကြာ ဆောင်ရွက်ခဲ့သည်။ မြန်မာ ယူ - ၁၆ အသင်းဖွဲ့စည်းရန် ပထမအကြိမ်လူရွေးပွဲကို ဖေဖော်ဝါရီဒုတိယပတ်က ကျင်းပခဲ့ပြီး ပြီးခဲ့သည့်နှစ်ကကျင်းပသည့် FIFA–MFF ယူ–၁၅ လိဂ်ပြိုင်ပွဲတွင် ခြေစွမ်းပြကစားခဲ့သည့် ကစားသမားများ၊ အကယ်ဒမီကျောင်းများမှ ကစားသမားများ စုစုပေါင်း ၁၀၀ ကျော် ဝင်ရောက်ရွေးချယ်ခံခဲ့သည်။ ယင်းလူရွေးပွဲတွင် ကျောင်းစာမေးပွဲကြောင့် မပါဝင်နိုင်သည့် ကစားသမားအချို့မှာ ဒုတိယအကြိမ် လူရွေးပွဲတွင် ထပ်မံရွေးချယ်ခံမည်ဖြစ်သည်။ မြန်မာ ယူ - ၁၆ အသင်းနည်းပြအဖွဲ့သည် ပထမအကြိမ် လူရွေးပွဲအပြီးတွင် ကစားသမား ၄၀ ရွေးချယ်ခံရပြီး ဒုတိယအကြိမ်လူရွေးပွဲပြီးမှသာ နိုင်ငံတကာပြိုင်ပွဲများအတွက် ပဏာမလူစာရင်း အတည်ပြုမည်ဖြစ်သည်။

**ရဲရင့်လွင်**

## ရွှေပြည်သာမြို့နယ် သံဒင်းစက်မှုလမ်းဟောင်း ပြုပြင်မှု ၆၅ ရာခိုင်နှုန်းပြီးစီး၊ မတ်လလယ်ခန့်တွင် ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးရန် ခန့်မှန်းထား

**ရန်ကုန် ဖေဖော်ဝါရီ ၂၉**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်အတွင်းမှ လမ်းပေါက်ပျက်စီးမှုများပြီး သွားလာရေးခက်ခဲလျက်ရှိသော သံဒင်းစက်မှုလမ်းဟောင်းကို အများပြည်သူလမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရေးအတွက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)ရွှေပြည်သာမြို့နယ်က တာဝန်ယူ၍ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၉ ရက်တွင် ၆၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း၊ မတ်လလယ်ခန့်တွင် ရာနှုန်းပြည့်ပြီးစီးရန် ခန့်မှန်းထားကြောင်း သိရသည်။

အဆိုပါလမ်းသည် ရွှေပြည်သာမြို့နယ်ရှိ မြို့ဝင်မြို့ထွက် ယာဉ်သွားလမ်းမကြီးများဖြစ်သော အမှတ်(၄)လမ်းမကြီး၊ ဗိုလ်ချုပ် အောင်ဆန်းလမ်းမကြီး၊ ပုလဲလမ်းမကြီးတို့အပြင် မြို့တွင်းရှိစက်မှုဇုန်များရှိ လမ်းများနှင့်ပါ လမ်းကွန်ရက်ချိတ်ဆက်နေသော လမ်းမကြီးဖြစ်သောကြောင့် ယာဉ်မျိုးစုံအသုံးပြုမှုအများဆုံး လမ်းမကြီးတစ်ခုဖြစ်ကြောင်း သိရသည်။

**မြင့်သန်းကြည်(ရွှေပြည်သာ)**



## Games of the Future 2024 ၏ မိုဘိုင်းလက်ဂျန့်စ်ပြိုင်ပွဲ ကွာတားဖိုင်နယ်တွင် RRQ Hoshi အသင်းကို မြန်မာကိုယ်စားပြု Burmese Ghouls အသင်းရှုံးနိမ့်ပြီး ဆီမီးဖိုင်နယ်တက်လှမ်းခွင့် လွဲချော်

**ကာဇန် ဖေဖော်ဝါရီ ၂၉**

ဖေဖော်ဝါရီ ၂၉ ရက်က ယှဉ်ပြိုင်ကစားခဲ့သော Games of the Future 2024 နိုင်ငံတကာ ဂိမ်းပေါင်းစုံပြိုင်ပွဲ၏ မိုဘိုင်းလက်ဂျန့်စ် ဘန်းဘန်း (Mobile Legends Bang Bang – MLBB) ပြိုင်ပွဲကွာတားဖိုင်နယ်တွင် မြန်မာကိုယ်စားပြု Burmese Ghouls အသင်းသည် ပြိုင်ဘက်ကို ရှုံးနိမ့်ခဲ့သည့်အတွက် ဆီမီးဖိုင်နယ်တက်လှမ်းခွင့်နှင့် လွဲချော်ခဲ့ကြောင်း သိရသည်။

အဆိုပါ ပြိုင်ပွဲကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာဇန်မြို့၌ ကျင်းပလျက်ရှိပြီး မြန်မာကိုယ်စားပြု Burmese Ghouls အသင်းသည် မိုဘိုင်းလက်ဂျန့်စ်ပြိုင်ပွဲ ကွာတားဖိုင်နယ်တွင် အင်ဒိုနီးရှားကိုယ်စားပြု RRQ Hoshi အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကာ နှစ်ပွဲပြတ်ရှုံးနိမ့်သည့်အတွက် နောက်တစ်ဆင့်တက်လှမ်းခွင့်နှင့် လွဲချော်ခဲ့ခြင်းဖြစ်သည်။

Burmese Ghouls အသင်းသည် နိုင်ငံတကာ ဂိမ်းပေါင်းစုံပြိုင်ပွဲ၏ မိုဘိုင်းလက်ဂျန့်စ် ပြိုင်ပွဲအုပ်စုအဆင့်တွင် မွန်ဂိုလီးယားကိုယ်စားပြု Team Lilgun အသင်းကို နိုင်ပွဲရရှိပြီး ရှုံးထွက်အဆင့်သို့ တက်လှမ်းလာနိုင်ခဲ့သည်။ ထို့အပြင် ရှုံးထွက်အဆင့်တွင်လည်း ဆော်ဒီအာရေဗျကိုယ်စားပြု Twisted Minds အသင်းကို နိုင်ပွဲရရှိအောင်စွမ်းဆောင်နိုင်ခဲ့ပြီး ကွာတားဖိုင်နယ်သို့ တက်လှမ်းလာနိုင်ခဲ့သည်။ **အောင်ဇော်**

## မိုးညှင်းမြို့၌ နေအိမ်နှစ်လုံး မီးလောင်မှုဖြစ်

**မိုးညှင်း ဖေဖော်ဝါရီ ၂၉**

ကချင်ပြည်နယ် မိုးညှင်းမြို့ အုပ်ကျင်းရပ်ကွက် အောင်ချမ်းသာရပ်တွင် ဖေဖော်ဝါရီ ၂၉ ရက် နံနက် ၄ နာရီ ၄၅ မိနစ်က နေအိမ်နှစ်လုံး မီးလောင်ဆုံးရှုံးမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ မိုးညှင်းမြို့ အုပ်ကျင်းရပ်ကွက် အောင်ချမ်းသာရပ်နေ ဦးမျိုးဇင်ထွန်း၏ နေအိမ်တွင်နေထိုင်သည့် ဦးကျော်နိုင်(ခ)ဖိုးဆယ် (စိတ်ပေါ့သွပ်သူ) ကျပန်းလုပ်ကိုင်သူသည် နေအိမ်တွင် ဆေးလိပ်သောက်ရာမှ ဇာခြင်ထောင်ကို မီးကူးစက်ပြီး ဇာခြင်ထောင်မှတစ်ဆင့် နေအိမ်ထရံအား ဆက်လက်မီးကူးစက်လောင်ကာ အနီးရှိ မသွယ်သွယ်အေး နေအိမ်ကိုပါ မီးကူးစက်လောင်ခဲ့သည်။ မီးလောင်မှုနေရာသို့ ခရိုင်မီးသတ်ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးကျော်စိုးသန်းနှင့် တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများက ဝိုင်းဝန်းမီးငြိမ်းသတ်ကြရာ နံနက် ၅ နာရီ မိနစ် ၂၀ တွင် မီးငြိမ်းသွားခဲ့သည်။ မီးလောင်မှုနှင့်ပတ်သက်၍ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရွှေမိုးညှင်း**

## မင်းဘူးမြို့၌ ခြင်ဆေးခွေ ထွန်းညှိထားရာမှ နေအိမ်သုံးလုံးမီးလောင်

**မင်းဘူး ဖေဖော်ဝါရီ ၂၉**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ အမှတ် (၁) ရပ်ကွက်၌ ဖေဖော်ဝါရီ ၂၉ ရက် နံနက် ၉ နာရီက ဦးပေါက်ရှမ်းလျှံ၏ နေအိမ်တွင် ခြင်ဆေးခွေ ထွန်းညှိထားရာမှ နေအိမ်သုံးလုံး မီးလောင်ဆုံးရှုံးခဲ့သည်။

ဖြစ်စဉ်မှာ အဆိုပါ ရပ်ကွက်နေ အိမ်ရှင်ဦးကိုကိုအေး၏နေအိမ်တွင် ငှားရမ်းနေထိုင်သော ဦးပေါက်ရှမ်းလျှံ(၄၂)နှစ် သည် ၎င်း၏နေအိမ်တွင် ခြင်ဆေးခွေထွန်းညှိထားရာမှ အနီးရှိစာအုပ်ပုံအား မီးကူးစက်ပြီး အနီးရှိ နေအိမ်နှစ်လုံးအပါအဝင် နေအိမ်သုံးလုံး မီးလောင်ခဲ့သည်။

ယင်းကဲ့သို့မီးလောင်နေမှုကို မင်းဘူးမြို့ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ဦးစီးမှူး ဦးစိန်ထွန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ကြရာ နံနက် ၉ နာရီခွဲခန့်တွင် မီးငြိမ်းသွားပြီး လူနှင့်တိရစ္ဆာန် ထိခိုက်သေဆုံးမှုမရှိကြောင်း၊ မီးပေါ့ဆစွာအသုံးပြုသူ ဦးပေါက်ရှမ်းလျှံ (ခ) ပီတာအား မြို့နယ်ရဲစခန်းက အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ဇေယျာထက်(မင်းဘူး)**

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာန၊ သရက်ခရိုင်-သရက်မြို့ လေလံကြော်ငြာအမှတ်၊ ၁/၂၀၂၃-၂၀၂၄

**ဖမ်းဆီးရမိပုံစံ (၈)စာရင်းဝင် ကျွန်းသစ်/ခွဲသား၊ အုပ်စု (၁ ၊ ၂)သစ်/ခွဲသား၊ အခြားသစ်/ခွဲသား၊ ၃ပေ အောက်ကျွန်း/သစ်မာ/အခြားသစ်၊ ကျွန်းပင်ကျပ်တိုင်၊ ကျွန်းဒေါက်တကူ၊ ကျွန်းဒေါက်/ ကျွန်းတကူ၊ ပိတောက်ပဒေါင်းလုံး ၊ အခြားမျောနှင့် ဂျင်ဒေါင်းအင်ဂျင်(၂၅) ကောင်ပါအလျား (၄၃)ပေ၊ အနံ (၉)ပေရှိ စက်လှေတို့အားဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချခြင်း**

၁။ သရက်ခရိုင် သစ်တောဦးစီးဌာန ဆင်ပေါင်ဝဲ၊ အောင်လံ၊ မင်းတုန်း၊ ကံမ၊ မင်းလှမြို့နယ်များရှိ ဖမ်းဆီးရမိပုံစံ (၈ )စာရင်းဝင်ကျွန်းသစ်/ခွဲသား၊ အုပ်စု (၁၊ ၂)သစ်/ခွဲသား၊ အခြားသစ်/ခွဲသား၊ ၃ပေအောက်ကျွန်း/သစ်မာ/ အခြားသစ်၊ ကျွန်းပင်ကျပ်တိုင်၊ ကျွန်းဒေါက်တကူ၊ ကျွန်းဒေါက်/ကျွန်းတကူ၊ ပိတောက်ပဒေါင်းလုံး၊ အခြားမျော၊ စုစုပေါင်းတန်( ၁၁၂.၄၃၈၃)နှင့် ဂျင်ဒေါင်းအင်ဂျင်(၂၅) ကောင်ပါအလျား (၄၃) ပေ၊ အနံ (၉)ပေရှိ စက်လှေတို့အားမျက်မြင်အခြေအနေ အတိုင်း ဈေးပြိုင်စနစ်ဖြင့် အောက်ပါအစီအစဉ်အတိုင်း လေလံတင်ရောင်းချမည်ဖြစ်ပါသဖြင့် နေပြည်တော်/ တိုင်းဒေသ ကြီး/ပြည်နယ်များတွင် တရားဝင်မှတ်ပုံတင်လိုင်စင်ရရှိထားသည့် သစ်အခြေခံအိမ်တွင်းစက်မှု လက်မှုလုပ်ငန်းရှင်များ၊ သစ်စက်သေး/စက်ကြီး၊ အချောထည်စက်/လျှာထိုးစက်လုပ်ငန်းရှင်များ၊ သစ်အရောင်းဆိုင်လုပ်ငန်းရှင်များ၊ ပရိဘောဂလုပ်ငန်းရှင်များ မည်သူမဆို လေလံဆွဲဝယ်ယူနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

(၁) **နေ့ရက်** - ( ၁၂-၃-၂၀၂၄ ) ရက် (အင်္ဂါနေ့)

(၂) **အချိန်** - နံနက် (၁၀:၀၀) နာရီ

(၃) **နေရာ** - သရက်ခရိုင်၊ သရက်မြို့နယ်၊ သစ်တောဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး

၂။ လေလံစည်းကမ်းချက်များ အသေးစိတ်သိရှိလိုသည်များကို တယ်လီဖုန်းနံပါတ်-၀၆၈-၂၁၀၁၂၊ (၀၉-၄၄၂၀၇၃၁၁၅၊ ၀၉-၄၀၁၅၈၁၂၃၀၊ ၀၉-၈၅၂၁၄၂၉၂၂ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်းနှင့် သတ်မှတ်စည်းကမ်းချက်များနှင့်ကိုက်ညီသူများသည် လေလံလျှောက်လွှာများအား လက်ထောက်ညွှန်ကြားရေး မှူးရုံး၊ သရက်ခရိုင်-သရက်မြို့တွင် ဝယ်ယူနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**လေလံတင်ရောင်းချရေးကော်မတီ**
**သရက်ခရိုင်**

## ငြင်းချက်ထုတ်ရန်ဆင့်စာ (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀) ကျောက်ဆည်ခရိုင်တရားရုံးတော် ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၇

၁။ ဦးတော်သူထွန်း နှင့် ဒေါ်နီနီ
၂။ ဒေါ်သဲသဲမွန်
တရားလိုများ တရားပြိုင်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့၊ ကြက်မင်းတွန်ရပ်ကွက်နေ ဒေါ်နီနီ(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးတော်သူထွန်းနှင့် ဒေါ်သဲသဲမွန်တို့က ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ် မှတ်ပုံတင်ပေးစေလိုမှုဖြင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ မတ်လ ၅ ရက်(၁၃၈၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက် ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စုငြိမ်းမွန်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ကျောက်ဆည်ခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀) ကျောက်ဆည်ခရိုင်တရားရုံးတော် ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၆

၁။ ဦးတော်သူထွန်း နှင့် ဦးတင်မြင့်
၂။ ဒေါ်သဲသဲမွန်
တရားလိုများ တရားပြိုင်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့၊ ကြက်မင်းတွန်ရပ်ကွက်နေ ဦးတင်မြင့်(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးတော်သူထွန်းနှင့် ဒေါ်သဲသဲမွန်တို့က ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ် မှတ်ပုံတင်ပေးစေလိုမှုဖြင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ မတ်လ ၅ ရက်(၁၃၈၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စုငြိမ်းမွန်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ကျောက်ဆည်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ပြည်ခရိုင်၊ ပြည်မြို့နယ်ရှိ အောက်ဖော်ပြပါနေရာများတွင် မြေငှားဂရန်အမည်ပြောင်း ရရှိရေးအတွက် တရားဝင်စာချုပ် စာတမ်းမှတ်ပုံတင်ရုံး၌ ချုပ်ဆိုထားသည့်စာချုပ်များဖြင့် လျှောက်ထားလာပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသောမှတ်ပုံတင်စာချုပ် စာတမ်းများ၊ အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားဂရန်များခွင့်ပြုချထားပေးသွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်-

| စဉ် | လျှောက်ထားသူ အမည် | မူလ အမည်ပေါက်သူ | ရပ်ကွက် | ကွင်းအမှတ်/အမည် | ဦးပိုင် အမှတ် | ဧရိယာ (ဧက) | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | ဒေါ်ခင်သိန်း | ဦးရွှေထွန်း | ရွာဘဲ | ၁၆C/ အဆင့်မြင့်အိမ်ရာ | ၁၄ | ၀.၀၅၅ | ပြောင်း |
| ၂ | ဦးဝင်းမောင် | သမဝါယမအသင်း | ရွာဘဲ | ၁၅B/ မူရာပင်မင်္ဂလာဘုရား | ၃၈၊ ၃၉^က | ၀.၇၉၄ | ပြောင်း |
| ၃ | ဦးသန်းအောင် | ဒေါ်ရှုတင်(ခ) ဒေါ်ရှုခင် | နဝင်း | နဝင်းတိုးချဲ့(၄) | ၆ | ၀.၁၁၀ | ပြောင်း/ တိုး |
| ၄ | ဦးဇင်သိန်း၊ ဦးမြင့်ထွန်း၊ ဒေါ်စမ်းစမ်းမော်၊ ဒေါ်အေးအေးမော် | ဦးမှိုင်း | ရွာဘဲ | ၁၃D/ရွာဘဲတောင် | ၁၀၈ | ၀.၀၅၀ | ပြောင်း |

**ကော်လိတ္တော်အရာရှိ**
**ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြည်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/18870, Dayung 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမင်းအောင် ၁၄/ပသန(နိုင်)၂၃၅၀၄ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၈/ဒက္ခိဏသီရိအလယ်ရပ်)၊ မြေကွက်အမှတ် (ဒ-၃၁၅၅၈)၊ မြေဧရိယာ (၀.၁၄၆) ဧကရှိ ဦးငွေအောင်၊ ဒေါ်ချော (ဘ)ဦးဘကျော်၊ ဦးဆန်နီ ၁၂/စခန (နိုင်)၀၂၁၂၇၃၊ ၁၂/စခန(နိုင်)၀၂၁၃၀၁ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဦးငွေအောင်၊ ဒေါ်ချောမှ ဒေါ်နေခြည်တင်ကြွယ် (ဘ)ဦးခွန်တင်ကြွယ် ၁၂/မဂဒ(နိုင်) ၀၈၉၁၁၁ နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထား ခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလ အတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1N/7820 ယာဉ်လက်ဝယ်ရှိသူ Xylem (Myanmar) Co.,Ltdက (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 69W/73953, Suzuki Smash 112 M/C ယာဉ်လက်ဝယ်ရှိသူ ဦးရဲမြင့် ၇/ပတတ (နိုင်) ၁၁၁၇၇၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ပြည်)**
**ပြည်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3P/2321,Suzuki Carry DA21T, Pick Up (4x2)(L) ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန္ဒာသွင် ၁၂/သခန(နိုင်)၀၀၆၉၂၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် - ၂၉၊ ဗိုလ်ဇင်ယော် (၂)လမ်း၊ မြေကွက်အမှတ် - ၂၅၆၊ ၂၅၇၊ ဧရိယာ (၀.၀၅၅ ဧက) + (၀.၀၅၅ ဧက)ကျယ်ဝန်းသော (၂)ကွက်တွဲ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ **ဒေါ်မင်းမင်းဆန်း(ခ)ဒေါ်ပန်းမြတ်နိုးခင် (၁၂/လမတ(နိုင်)၀၀၂၆၄၁)** ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသည့် **ဦးကျော်ထိုက် (၇/ပခန(နိုင်)၂၁၅၁၀၉)** နှင့် ၎င်း၏ဇနီး **ဒေါ်ခင်အေးဝင်း (၁၂/လကန (နိုင်)၁၆၅၈၂၄)**တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း (မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ ရုံးချိန်အတွင်း ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက မြေကွက်နှင့်အိမ် အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးကျော်ထိုက်နှင့် ဒေါ်ခင်အေးဝင်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်အေးဝင်း (LL.B)**
**အထက်တန်းရှေ့နေ(စဉ် ၅၂၅၈၂)**
**အမှတ်(၇၃၇/ခ)၊မြေညီထပ်၊ မာဃလမ်းမ၊ (၁၂)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၆၇၆၄၈၉၈**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မာဃ(၇) လမ်း၊ မြေကွက်အမှတ် - ၇၄၈/က ပေါ်တွင် ဆောက်လုပ်ထားသော (၁)ခန်းတည်း (၃ ၁/၂ )တိုက်၏ ဒုတိယထပ်၊ (၃)လွှာ၊ ဧရိယာ (၉၇၂ စတုရန်းပေ) ကျယ်ဝန်းသော တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့် စပ်လျဉ်းသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်ဖြင့် ဝယ်ယူ၍ လက်ရှိထားပိုင်ဆိုင်ပြီး တစ်ဆင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ **ဦးကျော်ဇေဟိန်း(၈/ရနခ(နိုင်) ၁၃၇၇၂၂)**ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသည့် **ဒေါ်ယွန်းစန္ဒီကို (၁၁/သတန(နိုင်)၀၇၃၁၁၆)**နှင့် ၎င်း၏ခင်ပွန်း **ဦးစည်သူ (၁၂/ကမတ(နိုင်)၀၇၄၆၉၄)၊ ဦးကိုကိုခိုင် (၁၁/သတန(နိုင်)၀၀၂၄၃၄)**နှင့် ၎င်း၏ဇနီး **ဒေါ်ခိုင်ခိုင်မြတ် (၁၁/သတန(နိုင်) ၀၅၀၅၇၈)**တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ရုံးချိန်အတွင်း ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက် မည့်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာ အပ်ပါသည်။

**ဒေါ်ယွန်းစန္ဒီကို၊ ဦးစည်သူ၊ ဦးကိုကိုခိုင်နှင့် ဒေါ်ခိုင်ခိုင်မြတ်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်အေးဝင်း (LL.B) အထက်တန်းရှေ့နေ(စဉ်-၅၂၅၈၂)**
**အမှတ်(၇၃၇/ခ)၊မြေညီထပ်၊ မာဃလမ်းမ(၁၂)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၆၇၆၄၈၉၈**

## အမည်ပြောင်း

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ILBC ကျောင်း Primary (၂) မှ ဦးဖြိုးပိုင်မင်း ၉/ခအဇ(နိုင်) ၀၁၇၉၂၇ ၏သမီး မဝတီပိုင်ဂျူး အား မမင်းသန့်ခင်ခင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မမင်းသန့်ခင်ခင်**

## နိုင်ငံကူးလက်မှတ် ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးဇေယျမင်း ၈/မကန(နိုင်)၁၇၉၂၆၀၏ Passport PV စာအုပ် MD(နံပါတ်မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ကျေးဇူးဆပ် လိုသဖြင့် အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၃၁၆၅၂၂၈**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ (၈)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ အုတ်ကျွတ်တန်းတောင်အကွက်၊ ဦးပိုင်အမှတ်(၁၉-ဓ)၊ ဧရိယာ(၀ဒသမ ၀၂၉)ဧကရှိ ဒေါ်ခင်စိုးအမည်ပေါက် အရှေ့-စတီးလမ်း၊ အနောက်-ကျုံးပတ်လမ်း၊ တောင်-ဦးပိုင်(၁၉-ဆ)၊ မြောက်-ဦးပိုင်(၁၉-ဈ)အတွင်းရှိ ဘိုးဘွားပိုင်ခြံမြေကွက်ကို ဦးသိန်းဝင်းမှ အမည်ပြောင်းပေးရန် လျှောက်ထားခြင်းဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက(၂၈-၂-၂၀၂၄)ရက်မှ(၂၈-၃-၂၀၂၄) ရက်အတွင်းဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်မှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာန၊ တောင်ငူမြို့**

## အများသိစေရန် ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ည)၊ ဘုမ္မာ(၈)လမ်း၊ မြေကွက်အမှတ်(၄၃၃)၏ မြေအကျယ်အဝန်း(၄၀ပေ x ၆၀ပေ)ထဲမှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်အမှတ် (၄၃၄)နှင့် ကပ်လျက်ဘက်ခြမ်း(ဂရန်မိတ္တူခြမ်း) မြေအကျယ်အဝန်း(၂၀ပေ x ၆၀ပေ)ရှိ ဦး အောင်ခိုင်(စီအီး-၀၁၈၄၃၀)အမည်ပေါက် နှစ်(၆၀)မြေငှားဂရန် မြေအမျိုးအစား မြေကွက်နှင့်တကွ အကျိုးခံစားခွင့် အရပ်ရပ်အား အရောင်းအဝယ်ပြုလုပ်ခြင်း နှင့် ပတ်သက်၍ ကန့်ကွက်ကြောင်း ကြေညာခဲ့ခြင်းနှင့်ပတ်သက်၍ ယခုအခါ အမွေဆိုင်အချင်းချင်း ညှိနှိုင်းပြေလည်ပြီးဖြစ်၍ (၁၅-၂-၂၀၂၄)ရက်ထုတ် မြန်မာ့အလင်းသတင်းစာကြော်ငြာစာမျက်နှာ(၂၇)တွင် ထည့်သွင်းဖော်ပြခဲ့သော ကန့်ကွက်ကြောင်းကြော်ငြာအား ဤကြော်ငြာပါသည့်ရက်မှစ၍ ပယ်ဖျက်ရုပ်သိမ်းလိုက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးငြိမ်းချမ်းထွေး(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၇၄၆)**
**တိုက်(၄၆)၊ အခန်း(C-3)၊ မဟာမြိုင်အိမ်ရာ၊ (၄၁)တိုးချဲ့ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ဖုန်း-၀၉-၂၆၀၀၂၉၂၇၂**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြော်ငြာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ ထီးလှိုင်အုပ်စု၊ ငှက်သိုက်ကျေးရွာနေ ဦးထွန်းရှိန်၊ ဒေါ်ရွှေရင် ကွယ်လွန်ပြီးနောက်တွင် သားသမီးများမှ အမွေပစ္စည်းအဖြစ် လယ်ယာမြေများအား အသီးသီးခွဲဝေယူခဲ့ကြပြီးဖြစ်ပါသည်။ ဒေါ်ရွှေရင် သက်ရှိထင်ရှားရှိစဉ်အချိန်နှင့် ကွယ်လွန်ပြီး သားသမီးများ သဘောတူအမွေခွဲဝေကြရာတွင် ကိတ္တိမသားဖြစ်သူ ဦးစိုးမြင့် ၁၃/ရပန(နိုင်)၀၈၅၆၂၉ အား အမွေပစ္စည်းအဖြစ် ကွင်းအမှတ်(၁၀၀၆)၊ ကွင်းအမည်(ငှက်သိုက်ရွာစိုးကွင်း)၊ ဦးပိုင်အမှတ်(၁၁၉)၊ အကျယ်အဝန်း(၁ဒသမ၀၀)ဧကရှိ ယာမြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ရရှိခဲ့ပြီး လွန်ခဲ့သော နှစ်(၂၀)ကျော်ကတည်းက အဆိုပါယာမြေအား လက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံသူ ဦးစိုးမြင့်ထံမှ ကျွန်တော် ဦးအောင်ကိုဦး ၉/ရမသ(နိုင်) ၁၁၈၃၀၅ အား အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ အဆိုပါမြေကွက်အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ဦးအောင်ကိုဦး ၉/ရမသ(နိုင်) ၁၁၈၃၀၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

တောင်ငူခရိုင်၊ ဖြူးမြို့၊ မြို့မအရှေ့ရပ်ကွက်၊ အကွက်အမှတ်နှင့် အမည်(၁-ဂ၊ ဖြူးမြို့မ မြောက်ရပ်)၊ ဦးပိုင်အမှတ်(၁၁၄)၊ ဧရိယာ(၀.၀၇၄) ဧကရှိမြေအား ဒေါ်ဝင်းဝင်းရီအမည်ဖြင့် မြေငှားဂရန် လျှောက်ထားမှုနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဖြူးမြို့သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူများ သိရှိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်**
**ရေးဦးစီးဌာန ဖြူးမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

တောင်ငူခရိုင်၊ ဖြူးမြို့၊ ဈေးရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(၂- ခ၊ ဖြူးဈေးရပ်)၊ ဦးပိုင်အမှတ်(၉၅-ခ)၊ ဧရိယာ(၀ဒသမ၀၇၈)ဧကရှိမြေအား ဒေါ် ခင်လေးကြည်အမည်ဖြင့် မြေငှားဂရန် လျှောက်ထားမှုနှင့်ပတ်သက်၍ ကျိုး ကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့် ရက်မှစ၍ ၁၅ရက်အတွင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဖြူးမြို့သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်ထုတ်ပေးရေးကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူများသိရှိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်**
**ရေးဦးစီးဌာန၊ ဖြူးမြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ- ၂၀)
## ပျဉ်းမနားမြို့နယ်တရားရုံးတော်၌
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၂

ဒေါ်အေးမျိုးမျိုး နှင့် (၁) ဒေါ်အုန်းခင်(ခ)ဒေါ်အုံးခင်
(၂) ဦးကျော်ညွန့်
(၃) ဦးကျော်စိုး

(တရားလို) (တရားပြိုင်များ)

ပျဉ်းမနားမြို့၊ ဗိုလ်သန်းတင်လမ်း၊ ရွှေချိုရပ်ကွက်နေ (၁)ဒေါ်အုန်းခင်(ခ) ဒေါ်အုံးခင်၊ (၂)ဦးကျော်ညွန့်၊ (၃)ဦးကျော်စိုး (၎င်းတို့အတူနေမောင်နှမများ) (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုဖြစ်သည့် ဒေါ်အေးမျိုးမျိုးက "အရောင်းအဝယ်မှတ်ပုံတင် စာချုပ်ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍၊ သင်တို့ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့၏ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်အလက်များကိုချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၂၄ ခုနှစ်၊ မတ်လ ၁၅ ရက် (၁၃၈၅ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်)မွန်းမတည့်မီ(၁၀:၀၀) နာရီအချိန်တွင် အထက်အမည်ရေး သားပါရှိသူတို့သည် တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင်အထက်ပါနေ့ရက်တွင်သင်တို့မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့၏မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(လှိုင်မြတ်အေး)
မြို့နယ်တရားသူကြီး
ပျဉ်းမနားမြို့နယ်တရားရုံး

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၄ ရပ်ကွက်၊ အကွက်အမှတ် ဃ-၃၊ ဦးပိုင်အမှတ် (၂၂၀-ခ)၊ ၆၄လမ်းx၁၁၂ လမ်းထောင့်ရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးကျော်လွင်(ခ)အိုက်ချင် ၉/မရမ(နိုင်)၀၁၃၈၅၆၊ ဦးကျော်နိုင် ၉/ခအဇ(နိုင်)၀၀၀၉၀၄တို့၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၁၂၂၉/၂၀၁၈)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးမျိုးဝင်း ၁၃/တယန(နိုင်)၀၂၈၈၅၉က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေး ကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက်အမှတ် ၀၀-၃၇၊ ဦးပိုင်အမှတ်(၅၅)၊ ၆၁လမ်း၊ ၁၄၂x၁၄၃လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်လီလီ(ခ)လတ်လတ်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် အမှတ်(၈၈/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဦးလင်းလင်း ၅/ကလထ(နိုင်)၂၃၁၂၆၁၊ ဒေါ်ယုကေခိုင် ၅/ကလထ(နိုင်) ၁၈၀၆၃၃တို့က အမှုတွဲအမှတ် ၇၄၆၄/၂၀၂၃-၂၀၂၄ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်နန်းရိပ်သာ အရှေ့ရပ်ကွက်၊ အကွက်အမှတ် ၅၈၂၊ ဦးပိုင်အမှတ် (၁၃)၊ ၃၀x၃၁ လမ်း၊ ၈၀x၈၁ လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါ်အတာထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၄၂၃၂/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဦးဝင်းမောင်(ခ)ဝမ်ရန်ကျုံ ၉/မရမ(နိုင်)၀၈၇၈၅၃၊ ဦးကျော်နိုင်ဝင်း ၉/မရမ(နိုင်)၀၉၂၅၅၁တို့က အမှုတွဲအမှတ် (၀၈၀၆/ဘ/အပြောင်း) ၂၀၂၃-၂၀၂၄ဖြင့် ဘိုးဘအမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ဒေါနဘွားရပ်ကွက်၊ အကွက်အမှတ် ၅၄၊ ဦးပိုင်အမှတ်(၄၂)၊ ၆၂ B လမ်း၊ ၁၄x၁၅လမ်းကြား ရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်နီနီဆင့် ၉/မနမ(နိုင်)၀၈၁၃၂၃၏ အထူးကိုယ်စားလှယ်လွှဲစာ အမှတ်(၁၁၈၄၀/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးနိုင်အောင်ခိုင် ၉/မထလ(နိုင်) ၀၀၀၅၂၇က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## သင်္ဃန်းကျွန်းခရိုင်တရားရုံးတော်
## ၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၄

ဦးတင်ဦးလေး နှင့် ၁။ ဒေါ်ရီရီအေး
၂။ ဒေါ်ခင်အုန်း
၃။ ဒေါ်ခင်တင့်တင့်

တရားလို တရားပြိုင်များ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ အမှတ်(၇၀၆)နေ (၁)တရားပြိုင် ဒေါ်ရီရီအေး (ယခုနေရပ်လိပ်စာမသိ) ၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မာဃ(၁)လမ်း၊ အမှတ်(၅၀၈)နေ (၂) တရားပြိုင် ဒေါ်ခင်အုန်း (ယခုနေရပ်လိပ်စာမသိ) တောင်ဥက္ကလာပမြို့နယ် (၁၀)ရပ်ကွက်၊ မေတ္တာလမ်း၊ အမှတ်-၈၆၅နေ (၃) တရားပြိုင် ဒေါ်ခင်တင့်တင့် (ယခုနေရပ်လိပ်စာမသိ)သူတို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ကတိပဋိညာဉ်အတိုင်း အိမ်ခြံမြေအရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ မတ်လ ၁၁ရက် (၁၃၈၅ခုနှစ်၊ တပေါင်းလဆန်း ၂ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့်သင်က ထုချေတင်ပြအမှီ ပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ခုနှစ်၊ ဖေဖော်ဝါရီလ ၂၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(နီလာအောင်)
ဒုတိယခရိုင်တရားသူကြီး(၅)
သင်္ဃန်းကျွန်းခရိုင်တရားရုံး

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အမရဋ္ဌာနီအရှေ့ရပ်ကွက်၊ အကွက်အမှတ် ၂၂၊ ဦးပိုင်အမှတ် (၁၅.က)မြောက်ဘက်ခြမ်း ခဲစင်း/ငါးဆွဲ၊ ၃x၈ လမ်းကြားရှိ ဦးချစ်တင်၊ ဒေါ်မြသန်းအမည်ပေါက်ဘိုးဘမြေကွက်အား ခင်ပွန်း ဦးချစ်တင်ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ် (၂၅၈/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သည့် ကျန်ရစ်သောဇနီးဖြစ်သူ ဒေါ်မြသန်း ၉/မနမ(နိုင်)၀၁၃၂၃၈က ဘိုးဘအမည်ပေါက်မြေပုံတင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေး ကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်ကွက်၊ အကွက်အမှတ် ၄၁၇/၄၄၊ ဦးပိုင်အမှတ်(ယခင်၊ ၈၁-ဆ၊ ယခု ၁၁)ခဲစင်းမြောက်ခြမ်း/ ၆၀လမ်း၊ ၁၉x၂၂လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးအုန်းမောင်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၃၉၁/၂၀၀၈)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်မြင့်မြင့်ငွေး ၉/မနမ(နိုင်)၀၈၆၀၈၀၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၃၃၁၃/၂၀၁၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်စုစုမာ ၉/မခန(နိုင်)၁၅၈၀၈၀က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက် အမှတ် (၀၀-၃၇)၊ ဦးပိုင်အမှတ် (၅၄)၊ ၁၄၂x၁၄၃ လမ်း၊ ၆၁x၆၂ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်လီလီ(ခ)လတ်လတ်ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် အမှတ် (၉၀/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဦးလင်းလင်း ၅/ကလထ(နိုင်)၂၃၁၂၆၁က အမှုတွဲအမှတ် ၇၄၆၃/၂၀၂၃-၂၀၂၄ ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများ ဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်း မြောက်/အရှေ့ရပ်ကွက်၊ စကားဝါပင်လမ်း၊ အမှတ်(၃၁)ဟုခေါ်တွင်သော မြေပေါ်တွင် ဆောက်လုပ်ထားသည့် အထပ်(၂)ခန်းတွဲ၊ (၆)ထပ်ရှိ ကန်ထရိုက်တိုက် အဆောက်အအုံ၏(၅)လွှာ (B)၊ အလျား(၁၂.၅' x ၅၀')အကျယ်ရှိ တိုက်ခန်း (၁)ခန်းနှင့် ၎င်းတွင်စွဲကပ်တည်ရှိနေသော အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ဦးထွေးအောင် ၁၂/ကမတ(နိုင်)၀၃၅၂၅၃ထံမှ ဦးသိန်းရွှေ ၁၂/ကမတ(နိုင်) ၀၄၇၄၄၇နှင့် ဒေါ်ခင်မာရီ ၁၂/ကမတ(နိုင်) ၀၂၆၄၈၀ က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေပြီးဖြစ်ရာ အထက်ပါအရောင်းအဝယ်နှင့် ပတ်သက်၍ ပိုင်ဆိုင်ခံစားခွင့် ရှိသူမည်သူမဆို ဤကြေညာပါသည့်ရက်မှစ၍ (၁၀) ရက်အတွင်း ကျွန်ုပ်ထံလာ ရောက်ကန့်ကွက်နိုင်ပါသည်။

ဒေါ်ခင်မာရီ၊ ဦးသိန်းရွှေ
